ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (12-3-2006) (၄၈၉၇)



ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန်   မတ်   ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာသွားမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ် ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။**



ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗွီစီဒီတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

## ပို့ဆောင်နှုတ်ဆက်

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra နှင့် သံရုံးအဖွဲ့ဝင်များကလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ☆

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၂-၃-၂၀၀၆
(တနင်္ဂနွေနေ့)

# ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက် ပြည်သူနှင့်တပ်မတော် ကြိုးပမ်းစွမ်းဆောင်

တပ်မတော်သည် အမျိုးသားနိုင်ငံရေးကို အစဉ်ရှေးရှုဆောင်ရွက်ခဲ့သည်။ တပ်မတော်သည် လွတ်လပ်ရေး ကြိုးပမ်းမှုကာလ၌ ပေါက်ဖွားလာခဲ့ပြီး တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ လွတ်လပ်ရေးရရှိစေရန် ဆောင်ကြဉ်းပေးခဲ့သော တပ်မတော်အဖြစ် သမိုင်းတွင် ကမ္ပည်းတင်နိုင်ခဲ့သည်။

အမျိုးသားနိုင်ငံရေး ရည်မှန်းချက်နှင့် နိုင်ငံတော်၏လိုအပ်ချက်အရ ကြိုးပမ်းတည်ထောင်ခဲ့သည့် တပ်မတော်တွင် လူငယ်လူရွယ် အမြောက်အမြားသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုစွန့်လှူရန် အဓိဋ္ဌာန်ပြုပြီး စုစည်းမိခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် တပ်မတော်သို့ ဝင်ရောက်လာကြသူများသည် အမျိုးသားရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်ခဲ့ကြသည့်အတွက် မျိုးချစ်တပ်မတော်ဟူသော အစဉ်အလာကို ရရှိခဲ့ခြင်းဖြစ်သည်။

တပ်မတော်ကို စတင်ဖွဲ့စည်းစဉ်ကပင် အသိစိတ်ဓာတ်ဖြင့် စည်းကမ်းကောင်းခဲ့သဖြင့် ခိုင်ခိုင်မာမာ အင်အား တောင့်တင်းလာခြင်းဖြစ်သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သကဲ့သို့ တပ်မတော်၏မဏ္ဍိုင်လည်းဖြစ်သည်။ ထို့ကြောင့်ပင် စည်းကမ်းစနစ်ကျနသော တပ်မတော်အဖြစ် စစ်စည်းကမ်း၊ စစ်ဥပဒေနှင့် စစ်သည်တော်ကျင့်ဝတ်များကို လိုက်နာခဲ့ကြရာ ပြည်သူတို့က ယုံကြည်လေးစားချစ်ခင်သော တပ်မတော်ဖြစ်ပေသည်။

မြန်မာ့တပ်မတော်သည် မျိုးချစ်တပ်မတော်ဖြစ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်း၊ ဖွဲ့လုံ့လဝီရိယရှိခြင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ဦးထိပ်ပန်ဆင်ခြင်းဟူသည့် အစဉ်အလာကောင်း(၁၂)ရပ်နှင့် ပြည့်စုံလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီဖွံ့ဖြိုး တိုးတက်လာစေရန် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း တည်ဆောက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုး ထမ်းရွက်လာခဲ့သည်မှာ (၆၁)နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။ တပ်မတော်အနေဖြင့် အဓိကတာဝန်ကြီးတစ်ခုဖြစ်သည့် နိုင်ငံတော် ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တာဝန်များကို အလေးထား ထမ်းဆောင်လျက်ရှိသည်။

တပ်မတော်သားများသည် တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုတစ်ဝန်း မော်တော်ကားလမ်း၊ ရထားလမ်းဖောက်လုပ်သည့်လုပ်ငန်းများ၊ တံတားတည်ဆောက်သည့် လုပ်ငန်းများ၊ ဆည်မြောင်းတာတမံ တည်ဆောက်သည့် လုပ်ငန်းများတွင် ပြည်သူတို့နှင့်အတူ ပါဝင်ထမ်းရွက်နေကြောင်း တွေ့မြင်နေရသည်။

ယင်းသို့ နိုင်ငံတော်ကာကွယ်ရေး၊ တည်ဆောက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တပ်မတော်သားများ ပါဝင်ဆောင်ရွက်နေကြခြင်းမှာ နိုင်ငံချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး တိုင်းရင်းသား မိဘပြည်သူများကို အလုပ်အကျွေးပြုလိုသော အရင်းခံ ဗီဇစိတ်ကြောင့်ပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထာဝရ ကာကွယ်စောင့်ရှောက်လျက်ရှိသော မြန်မာ့တပ်မတော်သည် အမျိုးသားတပ်မတော်၏ ဂုဏ်အင်္ဂါနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း စွမ်းဆောင်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## (၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဦးလှထွန်းမေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်းသို့ ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၁၁

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်းသို့ ဆေးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါမေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်းရုံးခန်း၌ကျင်းပရာ မေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းက ဖောင်ဒေးရှင်း၏ လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။**

### ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသော ငွေကျပ် တစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အမှုဆောင် ညွှန်ကြားရေးမှူးတို့က မေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းထံ ပေးအပ် လှူဒါန်းကြပြီး မေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်း၌ တက်ရောက်လျက်ရှိကြသော ကင်ဆာရောဂါ လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကြသည်။ (သတင်းစဉ်)




မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ငွေကျပ် တစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို မေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းထံ ပေးအပ် လှူဒါန်းစဉ်။
(သတင်းစဉ်)

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက သုံးမြွှာပူးကလေးများအတွက် ငွေနှင့်ပစ္စည်းများလှူဒါန်း

**ရန်ကုန် မတ် ၁၁**

ရန်ကုန်မြို့မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ဖခင်ဖြစ်သူ ကိုကျော်ဌေးခိုင်နှင့် မိခင်မလှလှဝင်းတို့က မွေးဖွားခဲ့သော သုံးမြွှာပူးကလေးများအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀နာရီတွင် ယင်းပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အမှုဆောင် ညွှန်ကြားရေးမှူးတို့က သုံးမြွှာပူး ကလေးများအတွက် ဖခင်နှင့်မိခင်တို့အား ငွေကျပ် ၅၀၀၀၀ နှင့် ဆေးဝါးများ၊ အနှီးပိတ်များ၊ စောင်များနှင့် ပေါင်ဒါဘူးတို့ကို ပေးအပ်လှူဒါန်းကြပြီး မိခင်နှင့်သုံးမြွှာပူးကလေးများ၏ ကျန်းမာရေးအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အားပေးစကား ပြောကြားသည်။

**(အောက်ပုံ)** (သတင်းစဉ်)



## တပေါင်းလပြည့်နေ့ ယာဉ်အခမဲ့ပြေးဆွဲမည်

**ရန်ကုန် မတ် ၁၁**

လှိုင်သာယာမြို့နေ ဦးခင်အောင်-ဒေါ်ခင်မြင့်သူမိသားစုက မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ ဌာနခွဲ(၂) စီမံမှုအောက်ရှိ ယာဉ်အမှတ် ၅ခ/၂၉၁၅၊ ၁က/၇၀၈၀၊ ၆က/၇၇၁၅၊ ၅က/၃၂၀၉ ယာဉ်လေးစီးကို (တပေါင်းလပြည့်နေ့) မတ် ၁၃ရက်တွင် အခမဲ့ယာဉ်ဆိုင်းဘုတ်များ ချိတ်ဆွဲလျက် ၁၂၈လိုင်း လှိုင်သာယာ-ဝေဘာဂီ၊ ၅၄လိုင်း ပုဇွန်တောင်-အေ၊ဘီ၊စီ-လှိုင်သာယာ-နည်းပညာတက္ကသိုလ်၊ ၁၂၉ လိုင်း လှိုင်သာယာ-ဆူးလေသို့ တစ်နေကုန် ကုသိုလ်ဖြစ် အခမဲ့ပြေးဆွဲ ပေးမည်ဖြစ်သည်။ (၆၁)

# ကြည်နူးဖွယ်ကောင်း လတပေါင်း

ဦးကျော်စိန်(မွေး/ရေ)

မြန်မာလများတွင် (၁၂)ကြိမ်မြောက် လသည် **"တပေါင်းလ"**ဖြစ်သည်။ ပထမလဝက်သည် ဆောင်းရာသီစက်မှ မလွတ်သေးချေ။ ဒုတိယလဝက်သို့ ရောက်မှသာ နွေရာသီစက်သည် စတင်လေသည်။ ထို့ကြောင့် "တပေါင်းလ"သည် ဆောင်းတစ်ဝက်၊ နွေတစ်ဝက်လဖြစ်၍ **"နေ့ပူလို့ ညချမ်း၊ တပေါင်းလ လသရမ်း"** ဟု ဆိုစမှတ်ပြုကြသည်။ တပေါင်းလတွင် ၂၇–လုံးသော နက္ခတ်များ စုပေါင်းထွက်ပေါ်ခြင်းကြောင့် လည်းကောင်း၊ ထန်းရည်များ ပေါင်းစပ်ကျိုချက်သဖြင့် ထန်းပေါင်းဟူသောစကားမှ ရွေ့လျားလာခြင်းကြောင့် လည်းကောင်း၊ "တပေါင်း လ"ဟု ခေါ်တွင်သည်ဟု ဆိုသည်။ ဗေဒင်အလိုအားဖြင့်ကား "တပေါင်းလ"သည် မိန်ရာသီဖြစ်၏။ စန်းယှဉ်နက္ခတ်ကား ဥတ္တရ ဘရဂုဏ္ဏီတည်း။ သရဖီပန်း၊ အင်ကြင်းပန်းတို့ကို ရာသီပန်းအဖြစ် အသိအမှတ်ပြုကြသည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် အင်ကြင်းပန်းမှာ အလွန်အလေးအနက်ထားသော ပန်းဖြစ်၏။ အကြောင်းကား ဗုဒ္ဓမြတ်စွာသည် လုမ္ဗိနီသာမောအင်ကြင်းတော၌ ဖွားမြင်တော်မူခဲ့ပြီးလျှင် ကုသိနာရုံ အင်ကြင်းစုံ၌ ပရိနိဗ္ဗာန်ဝင်စံသောကြောင့်ဖြစ်၏။

"တပေါင်းလ" တွင် မြစ်များ၊ ချောင်းများ ရေစစ်ကာ သောင်ခုံသဲပြင်များပေါ်ထွန်းသဖြင့် "သဲပုံစေတီတည်သော ရာသီပွဲများကျင်းပလေ့ရှိသည်"ဟု စာဟောင်းပေဟောင်းများ၌ အဆိုရှိခဲ့၏။ "တပေါင်းလ"သည် ဆောင်းကြွင်းနွေဦးလဖြစ်သဖြင့် သစ်ပင်များ ရွက်ဟောင်းစွန့်၍ ရွက်သစ်လွန့်ကာ အညွန့်အညှောက်များ ပေါ်ထွက်ခြင်းဖြင့် တင့်တယ်သာယာလှပေသည်။ မြန်မာစာပေလောကတွင် ရှေးစာဆိုများသည် "တပေါင်းလ"ကို အထူးဖွဲ့ဆိုရေးသားခဲ့ကြ၏။ "တပေါင်းလ" ကို လများ၏ သခင်ဟု အထွတ်တင်ကာ ဖွဲ့ဆိုရေးသားခဲ့ကြ၏။

အင်းဝခေတ် ရဟန်းစာဆို ရှင်ဥတ္တမကျော်သည် သူ၏ တောလားကဗျာကြီး၌ "တပေါင်းလ"၏ တင့်တယ်သာယာပုံကို "လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ယီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား" ဟူ၍ တောသစ်ပင်တို့၏ အရွက်များ နွေဦးတွင် ရောင်စုံပန်းချီကားချပ်ကြီးသဖွယ်ဖြစ်နေပုံကို ခမ်းနားလှပစွာ ချီးကျူးဖွဲ့ဆိုခဲ့၏။ ကုန်းဘောင်ခေတ် ပြဇာတ်ဆရာကြီး ဦးကြင်ဥကမူ

> **"ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ပတ်လည်၊ သဇင်ကြွင်းငယ်နှင့် အင်ကြင်းသန္တာညွှန့်ငယ်တို့၊ ဖူးကွန့်ကိုက်စည်။ ဘမရာရွှေပိတုံးငယ်တို့၊ ခြွေသုံးကြဝတ်ရည်၊ ဆွတ်ကြည်ဘွဲ့ဖော်ကွဲ၊ ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မနိုင် ဈာန်ယိုင်လျှော့ရတယ်၊ ရာသီတွင် စာညီပြောပေပ၊ ကြော၍သာမြိ"**

ဟု "တပေါင်းလ" စာပန်းချီကို သီကုံးခဲ့ပေသည်။

ဤကဲ့သို့ ကြည်နူးဖွယ်ကောင်းသော "တပေါင်းလ" အခါတွင် နေရင်းဌာနေ မွေးရပ်မြေရှိ ခုနစ်နှစ်မျှ ကွဲကွာနေခဲ့ကြသည့် ဖခမည်းတော်၊ မိထွေးတော်နှင့် ဆွေတော်မျိုးတော်တို့ထံ မြတ်စွာဘုရား ကြွချီတော်မူပုံကို ဗုဒ္ဓဝင်၌ မဟာသက္ကရာဇ် ၁၀၃ခုနှစ်တွင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်ကာ အင်္ဂတိုင်းသားနှင့် မဂဓတိုင်းသားများအား တရားရေအေး တိုက်ကျွေးလျက်ရှိသည့်သတင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိလျက် ခေါင်းဆောင်အမတ် ၁၀ဦး တို့ကို နောက်ပါ အခြွေအရံတစ်ထောင်စီဖြင့် ၁၀ကြိမ်ခွဲကာ မြတ်စွာဘုရားကိုပင့်ရန် ရာဇဂြိုဟ်သို့ စေလွှတ်တော်မူသည်။ နောက်ဆုံးအသုတ်ကို ဖွားဖက်တော် ကာဠုဒါယီအမတ် ခေါင်းဆောင်၍သွားပါသည်။ မြတ်စွာဘုရားကို ဖူးတွေ့ရ၍ တရားဒေသနာကို နာကြားရသောအခါ အလုံးစုံသောကိလေသာ အစဉ်ပြတ်၍ အရဟတ္တဖိုလ်သို့ရောက်ရှိကာ အားလုံးသာသနာ့ဘောင်သို့ ဝင်ရောက်ပြီး ဧဟိဘိက္ခု ရဟန်းတော်ချည်းဖြစ်ကုန်ကြပါသည်။

ရဟန္တာဖြစ်ပြီးနောက် ကာဠုဒါယီမထေရ်က တပေါင်းလပြည့်နေ့တွင် "တပေါင်းလ"၏ သာယာပုံတို့ကို ဂါထာပေါင်း ၆၄ ဂါထာ သီကုံး၍ ဖွားရာဇာတိ ကပိလဝတ် နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ပါကြောင်း လျှောက်ထားပါသည်။ ကာဠုဒါယီမထေရ်က မြတ်စွာဘုရားအား လျှောက်ထားသည့် နောက်ဆုံးဂါထာမှာ "မုနိဥက္ကဋ္ဌ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ ဆောင်းနှောင်းနွေဦး ဤအခါထူးသည် အေးလည်းမအေးလွန်းလှပါဘုရား။ နွေရာသီဝင်ရောက်စဖြစ်၍ ပူလည်း မပူလွန်းလှပါဘုရား၊ ကောက်ပဲသိမ်းစ ဥတုမျှ၍ အာဟာရမွတ်ရှား ခေါင်းပါးခြင်းကင်း၊ ဆာလောင်ခြင်းမှလည်း ကင်းရှင်းပါ၏ဘုရား။ မြေအပြင်သည် နေစာမြက်ညွှန့်ရှိသည်ဖြစ်၍ မြအရောင်သမ်း၊ စိမ်းလန်းလျက် ရှိပါပြီဘုရား။ ဆောင်းနှောင်း နွေဦး "တပေါင်းလ"ဆိုသည့် ဤအခါထူးသည် ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်းကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ်ကောင်းမြတ်သော အချိန်အခါကာလဖြစ်ပါတော့သည် ဘုရား" ဟူ၍ လျှောက်ထားပါသည်။

မြတ်စွာဘုရားသခင်သည် မဂဓတိုင်းသား သံဃာတစ်သောင်း၊ ကပိလဝတ်မြို့သား သံဃာတစ်သောင်း ခြံရံလျက် တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ (မိုင် ၇၂၀ခန့်) ဝေးသော မွေးရပ်ဌာနီ ကပိလဝတ်ပြည်သို့ ကြွချီတော်မူပါသည်။ မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်ခရီးမှာ ကျေးဇူးရှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ကျွေးမိခင် (မိထွေးတော်) ဂေါတမီတို့အား ကျေးဇူးဆပ်တရား ဟောကြားရန် ကြွမြန်းတော်မူခြင်းဖြစ်ပါသည်။ သားတော်ဘုရား၏ ကျေးဇူးဆပ်တရားကြောင့် ခမည်းတော်မင်းကြီးမှာ မင်းမြောက်တန်ဆာငါးပါး ဝတ်ဆင်လျက် ထီးဖြူတော်အောက်မှာပင် အရဟတ္တဖိုလ်ပေါက် ရဟန္တာဖြစ်၍ နိဗ္ဗာန်ဝင်စံခဲ့ပါသည်။ မွေးမယ်တော် မာယာဒေဝီသည် သားတော် မင်းသိဒ္ဓတ်ကို ဖွားမြင်ပြီး ခုနစ်ရက်တွင် နတ်ရွာစံလေရာ သားတော်မြတ်စွာဘုရားသည် မွေးမိခင်ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရန် တာဝတိံသာနတ်ပြည်သို့ ကြွမြန်း၍ အဘိဓမ္မာဒေသနာဟူသော ကျေးဇူးဆပ်တရား ဟောခဲ့သဖြင့် ကျွတ်တမ်းဝင်ခဲ့ပါသည်။ မိထွေးတော်ဂေါတမီသည်လည်း နိဗ္ဗာန်ဝင်ခဲ့ပါသည်။ မြတ်စွာဘုရားသည် မိဘတို့၏ ဂုဏ်ကျေးဇူးကို အထူးဟောရာ၌ "ပုဗ္ဗာစရိယ = ရှေးဦးဆရာ၊ လောကဿဒဿေတာ= ကမ္ဘာလောကကြီးကို ပြပေးသူ" စသည်ဖြင့် ဂုဏ်ထူးပြု ဟောတော်မူပါသည်။

ဤသို့လျှင် မြတ်ဗုဒ္ဓသည် ကမ္ဘာလောကအကြောင်းကို ပြသသွန်သင်ပေးသော လက်ဦးဆရာ မိနှင့်ဘကို ကျေးဇူးဆပ်ရန်လည်းကောင်း၊ ဆွေတော်မျိုးတော်များအကျိုးကို ဆောင်ရွက်ရန်လည်းကောင်း၊ တိုင်းသူပြည်သား လူအများတို့၏အကျိုးကို ဆောင်ရွက်ရန်တို့အတွက်လည်းကောင်း ခရီးကြွရန် ပြင်ဆင်သောနေ့သည် တပေါင်းလပြည့်နေ့ဖြစ်ပြီး စတင်ခရီးထွက်ကြွတော်မူသောနေ့သည် တပေါင်းလပြည့်ကျော် တစ်ရက်နေ့ဖြစ်ပါသည်။

ဤသို့အားဖြင့် **"ကြည်နူးဖွယ်ကောင်း လတပေါင်း"** အခါသမယတွင် **"မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အနန္တကို အဖန်ဖန် အောက်မေ့ခြင်း"** ဟူသည့် ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများအားထုတ်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**ဦးစန်းမြင့်နောင်အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် သူရလမ်းနေ ဒေါ်ခင်စန်းရီ (ဟိုင်းမင်းစက်မှုလက်မှု)မိသားစုက ဥက္ကလာပစေတီတော်ကြီး၏ ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ်ရွှေသင်္ကန်းကပ်လှူပူဇော်ရန်နှင့် နှစ်ကျိပ်ရှစ်ဆူ သိမ်တန်ဆောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ်၁၂သိန်းခွဲကို မတ် ၄ရက်က ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (၆၄)

## ပုလောမြို့နယ်အသင်း (ရန်ကုန်) ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

**ရန်ကုန် မတ် ၁၁**

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြော်ငြာစာ အမှတ်(၁/၂၀၀၆)အရ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်း ချီးမြှင့်ခဲ့သော ပုလောမြို့နယ်ဖွား မြိတ်မြို့ ကံသာ စာသင်တိုက်မှ ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ ဝိမလ နှင့် ဘဒ္ဒန္တဉာဏလင်္ကာရတို့အား ပုလောမြို့နယ်အသင်း (ရန်ကုန်)က မတ် ၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထပ်ဆင့်ချီးကျူးပူဇော်မည်ဖြစ်သည်။

မြို့နယ်သူ၊ မြို့နယ်သား၊ အသင်းသူ၊ အသင်းသား စေတနာရှင် အလှူရှင်များ တက်ရောက်ပူဇော်နိုင်ကြောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုသူများသည် ဦးမောင်လှ (ဥက္ကဋ္ဌ) ဖုန်း–၅၁၄၉၆၉၊ ၂၂၃၅၉၊ ဦးဘမြင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း–၃၇၈၆၃၇၊ ၆၉၉၄၄၇၊ ဦးကြီးညွှန့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း–၂၉၆၉၆၂၊ ဦးမောင်အုံး (အတွင်းရေးမှူး) ဖုန်း–၂၂၈၀၃၃၊ ဦးချစ်ထွေး (တွဲဖက်အတွင်းရေးမှူး) ဖုန်း–၇၀၆၁၇၇ နှင့် ဦးသန်းဝင်း (အုပ်ချုပ်ရေးမှူး) ဖုန်း–၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)



**မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ဘုရားငါးဆူ ဝတ်တော်ကြီး၏ မှန်တံခါးသစ်တပ်ဆင်မှုလုပ်ငန်းဆောင်ရွက်ရေးအတွက် မတ် ၃ ရက်က မော်လမြိုင်မြို့ အောက်လမ်းမကြီး အမှတ် (၃၃၂) စစ်ကဲကုန်းရပ်နေ အလှူရှင် ဦးအောင်ကြည်–ဒေါ်လှရွှေ သားသမီးမြေးတစ်စုတို့က ငွေကျပ် ၂၄သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် လက်ခံရယူစဉ်။** (၃၀၇)

## သီလရှင်အပါး ၁၀၀ စုပေါင်းဝတ်မည်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ခေမာရာမသီလရှင် စာသင်တိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သီလရှင်အပါး ၁၀၀ စုပေါင်းဝတ်ပွဲကို ဧပြီ ၉ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြီး ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်ကျောင်းတိုက် နယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တသီရိန္ဒက နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည် ဖြစ်သည်။ သီလရှင်ဝတ်လိုသူများ ဧပြီ ၃ ရက် နောက်ဆုံးထား၍ ခေမာရာမ သီလရှင်စာသင်တိုက်သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက် အင်းလျားမြိုင်လမ်းနေ (ဦးသိန်းလွင်)–ဒေါ်ရီရီနွဲ့ မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေ ကျပ် ၁၀သိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုမာရာစရိယထံ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## နွေရာသီအခြေခံ အဘိဓမ္မာသင်တန်း

**ရန်ကုန် မတ် ၁၁**

နွေရာသီ အခြေခံအဘိဓမ္မာရက်တိုသင်တန်းကိုဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း သင်တန်းခန်းမ၌ မတ် ၂၇ရက်မှ မေ ၂၆ရက်အထိ စနေ၊ တနင်္ဂနွေနေ့များမှအပ နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ဓမ္မဒါနပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း လာရောက်သင်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း–၃၇၈၄၅၇ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**ရန်ကင်းမြို့နယ် ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း၌ တည်ဆောက်ဆဲဖြစ်သော ကုသိုလ်ဖြစ်ဆေးခန်း တိုးချဲ့ဆောင်အတွက် စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း ပဒုမ္မာကွင်း ဆိုင်ခန်း "ဝတီ" ပရိဘောဂလုပ်ငန်းမှ ဦးနေလင်းထိုက်–ဒေါ်ခိုင်ငြိမ်းထွန်းမိသားစုက အလှူတော်ငွေ ကျပ်တစ်ဆယ့်ငါးသိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။** (၅၃၅)

# အင်ဒိုနီးရှား အလုပ်သမား ၃ ဒသမ ၅ သန်း ပြည်ပသို့ စေလွှတ်မည်

ဂျကာတာ မတ် ၁၀

**အင်ဒိုနီးရှားအစိုးရက အလုပ်လက်မဲ့မှုနှုန်း လျော့နည်းကျဆင်းစေရန် ရည်ရွယ်သည့်အနေဖြင့် အလုပ်သမား ၃ ဒသမ ၅ သန်းကို ၂၀၀၉ ခုနှစ်မတိုင်မီ အဆင့်လိုက်ခွဲကာ ပြည်ပသို့ စေလွှတ်မည်ဖြစ်ကြောင်း ဝန်ကြီးတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

**ရည်ရွယ်**

ပြည်ပသို့ အင်ဒိုနီးရှားအလုပ်သမားများ စေလွှတ်ခြင်း၏ ရည်ရွယ်ချက်မှာ အလက်လုပ်မဲ့နှုန်း လျော့ပါးစေရန် ဖြစ်ကြောင်း ပြည်သူ့အင်အားဌာနဝန်ကြီး အာမင်ဆူပါနိုက သတင်းထောက်များကို ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် အလုပ်လက်မဲ့ ၁၀ သန်းရှိသည်။

ယခုနှစ်တွင် ပြည်ပသို့ စေလွှတ်ရန် လျာထားသည့် ဦးရေမှာ ၇၀၀၀၀၀ ဖြစ်ပြီး လွန်ခဲ့သည့်နှစ်က ရှိခဲ့သည့် အလုပ်သမားဦးရေ ၄၇၄၃၀၀ ထက် ပိုမိုလာခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးက ပြောကြားသည်။

အင်ဒိုနီးရှား အလုပ်သမားများအနေဖြင့် ပြည်ပနိုင်ငံများရှိ ဘဏ်များတွင် အသုံးပြုရန်အတွက် ငွေထုတ်ကတ်ပြားများ ကိုင်ဆောင်နိုင်မည်ဖြစ်ပြီး အာမခံငွေလည်း တောင်းခံနိုင်တော့မည်ဟု ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးဖောက်ခွဲမှုကြောင့် ပျက်စီးသွားသည့် မော်တော်ယာဉ်တစ်စီးကို မတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)




# အိုင်စီအာရ်စီ ရဟတ်ယာဉ်တစ်စင်း ကက်ရှ်မီးယားဒေသတွင် ပျက်ကျ

**အစ္စလမ္မာဘတ် မတ် ၁၀**

နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)မှ ရဟတ်ယာဉ်တစ်စင်းသည် မြေငလျင်ဒဏ်ခံခဲ့ရသည့် ကက်ရှ်မီးယားဒေသတွင် ကြာသပတေးနေ့က ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦးနှင့် တွဲဖက်လေယာဉ်မှူးတစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း အိုင်စီအာရ်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ပျက်ကျ**

အဆိုပါ ရဟတ်ယာဉ်သည် ပါကစ္စတန်ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် နီလမ်တောင်ကြားရှိ ဘန်ဒေးဖာတီဂျန် ဒေသတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဟမ်ဒါနီက ဂျီအိုရုပ်မြင်သံကြားသို့ ပြောကြားသည်။

**ဒဏ်ရာရရှိ**

ရဟတ်ယာဉ်ပျက်ကျသည့် အကြောင်းနှင့်ပတ်သက်၍ ၎င်းက ချက်ချင်းပြောကြားခြင်းမရှိပေ။ အဆိုပါ ရဟတ်ယာဉ် ပျက်ကျမှုကြောင့် တောင်အာဖရိကမှ ဒေ့ဗ်ပီတာဆန်နှင့် မိုက်ချာ့ချ်အမည်ရှိ ရဟတ်ယာဉ်မှူးတို့ ရဟတ်ယာဉ်ပေါ်မှ ခုန်ချခဲ့ကြသဖြင့် ဒဏ်ရာရရှိခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အိုင်စီအာရ်စီ ကယ်ဆယ်ရေး ရဟတ်ယာဉ်တစ်စင်းက ၎င်းတို့ကို ပါကစ္စတန်ဆေးရုံသို့ ခေါ်ဆောင်သွားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# မာလာဝီ၌ ရေလွှမ်းမိုး လူ ၆၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်

**လီလောင်စီ မတ် ၁၀**

မာလာဝီနိုင်ငံ တောင်ပိုင်း မင်ဂိုချီဒေသတွင်ရေလွှမ်းမိုးမှုကြောင့်လူပေါင်း ၆၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ပြီး ဒေသဆိုင်ရာ အာဏာပိုင်များက ကျောင်းများပိတ်၍ ဒုက္ခသည်များကို ကယ်ဆယ်ရေးစခန်းသို့ နေရာပြောင်းရွှေ့ပေးခဲ့ရသည်။

လွန်ခဲ့သော သုံးရက်ခန့်က အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးပြီး နိုင်ငံ၏အဓိက သီးနှံဖြစ်သော ပြောင်းခင်းများ ပျက်စီးသွားသည်။

မင်ဂိုချီဒေသတွင် ၂၈ နှစ်အတွင်း အဆိုးရွားဆုံး ရေလွှမ်းမိုးမှုကြောင့် နေအိမ်များ ပြိုကျခြင်း၊ ရွာများရေနစ်မြုပ်ခြင်း၊ သီးနှံများ၊ အိမ်မွေးတိရစ္ဆာန်နှင့် တံတားအချို့ ရေနှင့် မျောပါသွားကြောင်း ဖွံ့ဖြိုးရေးစီမံကိန်း ညွှန်ကြားရေးမှူး ဟာရီချီပင့်က ဆင်ဟွာသတင်းဌာနသို့ ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကန်ထုတ်ပြန်သည့် လူ့အခွင့်အရေးမှတ်တမ်း မှန်ကန်မှုမရှိကြောင်း တရုတ်အစိုးရ ပြောကြား

ပေကျင်း မတ် ၁၀

**အမေရိကန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်ခဲ့သည့် တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းအား ရှုတ်ချထားသည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ တရုတ်အစိုးရက ကျေနပ်မှုမရှိဟု အပြင်းအထန်ပြောကြားလိုက်ပြီး ယင်းအစီရင်ခံစာသည် မှန်ကန်မှုမရှိဘဲ ကြမ်းကြမ်းတမ်းတမ်း ဖော်ပြထားသည့် အစီရင်ခံစာတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ကင်ဂန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။**

ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် ယင်းအစီရင်ခံစာတွင် ဟောင်ကောင်ဒေသ၏ နိုင်ငံရေးစနစ်နှင့် သတင်းလွတ်လပ်ခွင့် ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ပုံကို ဝေဖန်ထားသည်။

တရုတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေက လူ့အခွင့်အရေးကိစ္စများနှင့် စပ်လျဉ်း၍ လေးစားလိုက်နာပြီး ကာကွယ် စောင့်ရှောက်မှုရှိကြောင်း၊ တရုတ်အစိုးရက အခြားအရာများထက် ပြည်သူများကို ဦးထိပ်ထားသည့်မူဝါဒကို ကိုင်စွဲထားကြောင်း၊ ဥပဒေစိုးမိုးမှုအောက်မှ ဒီမိုကရေစီနည်းကျ နိုင်ငံတစ်နိုင်ငံအဖြစ် ကြိုးပမ်းနေကြောင်း ကင်ဂန်က ပြောကြားသည်။

**အသိအမှတ်ပြု**

တရုတ်နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများသည် ဆက်လက်တိုးတက်မှုရှိနေကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ တိုးတက်မှုရှိပုံကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုကြပြီး တရုတ်ပြည်သူလူထုကလည်း ယင်းတိုးတက်မှုကို နှစ်ထောင်းအားရ ရှိခဲ့ကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ထောက်ခံ**

တရုတ်နိုင်ငံက ဟောင်ကောင်ကိစ္စနှင့် ပတ်သက်၍ စနစ်နှစ်ခုရှိပုံနှင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒအပေါ် သွေဖည်မည်မဟုတ်ဘဲအထူးအုပ်ချုပ်ခွင့်ရဒေသအဖြစ်ထားသည့် ဟောင်ကောင်ဒေသတွင် လက်ရှိအခြေအနေများဖြင့် ကိုက်ညီမှုရှိသည့် ဒီမိုကရေစီနည်းကျ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ခံကြောင်း ၎င်းကပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ စစ်သမိုင်းပြတိုက်တွင် ပြသထားသည့် စကတ်-ဘီ ဒုံးကျည်နှင့် နီကေးဒုံးကျည်ပုံစံတို့ကို မတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဂရိ၌ နည်းပညာဆိုင်ရာ စီမံချက်အသစ်များ တိုးမြှင့်ဆောင်ရွက်

**အေသင် မတ် ၁၀**

နည်းပညာဆိုင်ရာ စီမံချက်အသစ်များ လျင်မြန်စွာ အကောင်အထည်ဖော်ရာ၌ ယခုနှစ်တွင် ယူရိုငွေ ၅၁၉ သန်း (အမေရိကန်ဒေါ်လာ ၆၁၉ သန်း) ခွဲဝေသုံးစွဲရန် ဂရိအစိုးရက ရည်မှန်းထားကြောင်း အထက်တန်းတာဝန်ရှိသူက မတ် ၈ ရက်တွင် ပြောကြားခဲ့သည်။

နည်းပညာစီမံချက်အသစ်များတွင် သတင်းအချက်အလက်အစီအစဉ်လည်း တစ်စိတ်တစ်ပိုင်းပါဝင်ကြောင်း သတင်းအချက်အလက် အစီအစဉ်စောင့်ကြပ်ရေးကော်မရှင် အစည်းအဝေး၌ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဂျော်ဂျီအာလိုဂို့စ်ကိုဖစ်က ပြောကြားခဲ့သည်။

သတင်းအချက်အလက် အစီအစဉ်ကို ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်မှာ ပြည်သူများနှင့် လုပ်ငန်းဌာနများ နီးကပ်စွာ ဆောင်ရွက်နိုင်ရန်၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်၊ ထုတ်လွှင့်ရေးလုပ်ငန်းများ၊ ပိုမိုမြှင့်တင်ဆောင် ရွက်နိုင်ရန် ဖြစ်ကြောင်း ၎င်းက ထပ်မံပြောဆိုခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ဘရာဇီး၌ ဘတ်စ်ကား တိမ်းမှောက်၊ ၁၄ ဦးသေဆုံး

**ရီယိုဒီဂျနေးရိုး မတ် ၁၀**

ဘရာဇီးနိုင်ငံ၌ မတ် ၉ ရက်နေ့ နံနက်စောစောပိုင်းတွင် ဘတ်စ်ကား တိမ်းမှောက်ခဲ့ရာ လူ ၁၄ ဦးထက်မနည်း သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာ ရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘရာဇီးနိုင်ငံ မီနက်စ်ဂျီရိုင်ပြည်နယ် အဝေးပြေးလမ်း၌ ဘတ်စ်ကား တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း၊ ဘတ်စ်ကားပေါ်တွင် ခရီးသည် စုစုပေါင်း ၄၀ လိုက်ပါလာကြောင်း၊ အဆိုပါကားသည် ဘရာဇီးနိုင်ငံအလယ်ပိုင်း အပန်းဖြေစခန်းတစ်ခုသို့ ဦးတည်မောင်းနှင်နေစဉ် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ပြောကြားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ဂျပန်နိုင်ငံ တိုကျိုမြို့ ပြဇာတ်ရုံ၌ အမျိုးသမီးနှစ်ဦး ရိုးရာတူရိယာတစ်မျိုး တီးခတ်ဖျော်ဖြေနေသည်ကို မတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်၌ အမျိုးသမီးများ အိပ်ချ်အိုင်ဗွီ၊ အိဒ်စ်ဖြစ်ပွားနှုန်း မြင့်တက်

နယူးယောက် မတ် ၁၀

အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ အမျိုးသမီးများတွင် အိဒ်စ်ရောဂါ ဖြစ်ပွားမှုသည် ၂၀၀၄ခုနှစ်၌ ၂၇ ရာခိုင်နှုန်းအထိရှိနေပြီး အထူးသဖြင့် အာဖရိကန် အမေရိကန်နွယ်ဖွား အမျိုးသမီးများတွင် အဆိုပါရောဂါ ခံစားနေရသူဦးရေ နောက်ထပ်တိုးပွားလာခဲ့ခြင်းဖြစ်ကြောင်း ရောဂါကာကွယ်ရေး အမေရိကန်ဌာနက ပြောကြားသည်။

### ပိုမိုတိုးပွားလာ

အိဒ်စ်ရောဂါ ကူးစက်ပျံ့နှံ့ခဲ့သည့် စောစောပိုင်းကာလက အမျိုးသမီးအနည်းငယ်သာ ယင်းရောဂါခံစားခဲ့ရကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ အိပ်ချ်အိုင်ဗွီ/ အိဒ်စ်ရောဂါ ခံစားနေသူများသည် ၄၆ ရာခိုင်နှုန်းအထိ မြင့်မားတက်လာခဲ့ပြီး အများစုမှာ အသက်ကြီးသူ အမျိုးသမီးများဖြစ်ကြောင်း၊ ယင်းရောဂါခံစားသူဦးရေ ၁၇ ဒသမ ၅ သန်းသည် ၂၀၀၃ ခုနှစ်အတွင်းကရှိခဲ့သည့် အမျိုးသမီးဦးရေထက် နောက်ထပ်တစ်သန်း ပိုမိုတိုးပွားလာခဲ့သည့် အဓိပ္ပာယ် ပင်ဖြစ်ကြောင်း ရောဂါကာကွယ်ရေး အမျိုးသားဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဖူစီက ပြောကြားသည်။

ယင်းရောဂါခံစားနေရသူ အမျိုးသမီးအများစုမှာ ဆန့်ကျင်ဘက်လိင်ကွဲဖြင့် ဆက်ဆံရာမှ ရောဂါကူးစက်ခံရခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အိဒ်စ်ရောဂါ တိုက်ဖျက်ရေးအဖွဲ့က ပြောကြားသည်။

၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ယင်းရောဂါခံစားနေသူများ၏ ၈၃ ရာခိုင်နှုန်းဖြစ်သည့် အာဖရိကန်နွယ်ဖွားအမျိုးသမီးများနှင့်အတူ စပိန်စကားပြောကြားသည့် လက်တင်အမေရိကန်သူများနှင့် အမျိုးသမီးငယ်များသည် အထူးသဖြင့် ယင်းရောဂါ ဖြစ်ပွားလွယ်သူများဖြစ်လျက်ရှိကြောင်း၊ ယင်းအချိန်တွင် အသက် ၂၅ နှစ်အောက် ရောဂါခံစားရသည့် ၃၈ရာခိုင်နှုန်းသော ဝေဒနာရှင်များမှာ အမျိုးသမီးများပင်ဖြစ်ကြောင်း ဖော်ပြပါအဖွဲ့က ပြောကြားသည်။

အိပ်ချ်အိုင်ဗွီရောဂါပိုးသည် အမျိုးသမီးနှင့် အမျိုးသားအတွင်း ကူးစက်ပုံချင်းမတူကြောင်း၊ အမျိုးသမီးများတွင် အဆိုပါရောဂါကူးစက်လွယ်ပြီး အမျိုးသမီး ရောဂါများလည်း ဖြစ်ပွားနိုင်ကြောင်း ဒေါက်တာဖူစီက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***



ဩစတြေးလျနိုင်ငံ ဘီလင်ဂျင်မြို့၌ ရေလွှမ်းမိုးလျက်ရှိသည်ကို မတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## နိုင်ငံခြားသတင်းများ

# အမေရိကန်နှင့် ချုပ်ဆိုမည့် ကုန်သွယ်ရေးသဘောတူညီချက် အီကွေဒိုး၌ ကန့်ကွက်

ကီတို မတ် ၁၀

အီကွေဒိုနိုင်ငံက အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေး သဘောတူညီချက် တစ်ရပ်ပြုလုပ်ရန် အဆိုပြုချက်အပေါ် အီကွေဒိုပြည်သူလူထုက မကျေနပ်ကာ ဆန္ဒပြခဲ့ကြပြီး အမေရိကန်ကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သည့် ကန်ထရိုက်စာချုပ်ကို ဖျက်သိမ်းရန် တောင်းဆိုကြသည်။

အဖွဲ့အစည်း အသီးသီးမှ အဖွဲ့ဝင်များ ပါဝင်ကြသည့် ဆန္ဒပြသူများက ကီတို မြို့လယ်ကောင်ရှိ လမ်းမကြီးများတွင် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ပိတ်ဆို့ကာ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ကိုလံဘီယာနှင့် လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက် ရရှိစေရန်အတွက် အီကွေဒိုအစိုးရက အမေရိကန် ကိုယ်စားလှယ်များနှင့် လာမည့် တနင်္လာနေ့တွင် ဆွေးနွေးမည့် အစီအစဉ်များအပေါ် အီကွေဒိုနိုင်ငံသူနိုင်ငံသားများက မကျေနပ်ဘဲ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ ဆန္ဒပြသူများက အော့စီဒင်တယ်အမည်ရှိ ရေနံကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သည့် စာချုပ်ကို အီကွေဒိုအစိုးရက ဖျက်ဆီးပစ်ရန်လည်း တိုက်တွန်းခဲ့ကြသည်။

ဆန္ဒပြပွဲသည် အများအားဖြင့် ငြိမ်ငြိမ်သက်သက်ရှိသည်။ ဆန္ဒပြသူဦးရေသည် တဖြည်းဖြည်း များပြားလာလျက်ရှိကြောင်း၊ သို့ရာတွင် ဆန္ဒပြမှုဖြစ်ပွားသဖြင့် အဓိကလမ်းများ လုံးဝပိတ်ဆို့ကုန်ခဲ့သည်ဟု အလုပ်သမားတစ်ဦးဖြစ်သူ တာတာမူဘက်ဇ်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

အီဂျစ်နိုင်ငံ လပ်ဇော်မြို့အနီးတွင် တူးဖော်တွေ့ရှိရသည့် ဗင်နတ်သမီးသရုပ်ဖော်အုတ်ခွက်တစ်ချပ်ကို မတ် ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



# ရွှေ့ပြောင်းကျက်စားလေ့ရှိသည့် ငှက်ရိုင်းများ အမေရိကန်နိုင်ငံသို့ နှစ်လအတွင်း ရောက်ရှိနိုင်

ဝါရှင်တန် မတ် ၁၀

ရွှေ့ပြောင်းကျက်စားလေ့ရှိသည့် ငှက်ရိုင်းများသည် ကြက်၊ငှက်တုပ်ကွေးဖြစ်ပွားစေသည့် အိပ်ချ်-ဖိုက် အင်-ဝမ်း ဗိုင်းရပ် ပိုးများသယ်ဆောင်ကာ အမေရိကန်ပြည်ထောင်စုသို့ လာမည့်နှစ်လအတွင်း ပျံသန်းရောက်ရှိလာကြတော့မည် ဖြစ်ကြောင်း အမိမြေလုံခြုံရေးဌာနဝန်ကြီး မိုက်ကယ်ချာတော့ဖ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါ ရွှေ့ပြောင်းငှက်ရိုင်းများက အမေရိကန်ရှိ ဘဲ၊ ကြက်နှင့် အခြားငှက်များနှင့် ပေါင်းစပ်နေထိုင်ပါက ကြက်၊ ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်သည့် အလားအလာရှိကြောင်း ၎င်းက သတင်းစာဆရာများနှင့် ထုတ်ဝေသူများကို ပြောကြားသည်။ အမေရိကန် စိုက်ပျိုးရေးဌာနက အခြားကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုပြဿနာအပေါ် ကိုင်တွယ်ဖြေရှင်းခဲ့သည့် အတွေ့အကြုံ အများအပြားရှိခဲ့ကြောင်း၊ ယင်းကြောင့် အိပ်ချ်-ဖိုက် အင်ဝမ်းကြောင့် ဖြစ်ပွားသည့် ကြက်ငှက်တုပ်ကွေးရောဂါကိုလည်း ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိကြောင်း ၎င်းကပြောကြားသည်။

သိပ္ပံပညာရှင်များက ယင်းအိပ်ချ်-ဖိုက် အင်ဝမ်း ဗိုင်းရပ်ပိုးသည် လူများသို့ အလျင်အမြန်ကူးစက်မည်ကို စိုးရိမ်မကင်းဖြစ်နေကြသည်။ အစိုးရက အဆိုပါရောဂါအတွက် တိုက်ဖျက်ရန်ဆေးများကို လပေါင်းများစွာကပင် စုဆောင်းထားရှိခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူစာချုပ် အိန္ဒိယနှင့် ချီလီ လက်မှတ်ရေးထိုး

နယူးဒေလီ မတ် ၁၀

အိန္ဒိယနိုင်ငံနှင့် ချီလီနိုင်ငံတို့သည် ကုန်သွယ်ရေးဦးစားပေးသဘောတူစာချုပ် (ပီတီအေ)ကို မတ် ၈ရက်တွင် အိန္ဒိယနိုင်ငံ၌ နှစ်နိုင်ငံမှ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုးလိုက်ကြသည်။

၎င်းတို့နှစ်နိုင်ငံ ကုန်သွယ်ရေးအတွက် လာမည့်ကာလတွင် အဆိုပါသဘောတူညီချက်သည် အရေးပါသော ပြောင်းလဲမှုကြီးတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်း ဝန်ကြီး ကာမလ်နက်က ပြောကြားခဲ့သည်။

### လက်မှတ်ရေးထိုး

အဆိုပါစာချုပ်ကို အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီး အက်စ်အင်မီနွန်နှင့် ချီလီသံအမတ် ဂျောဂျီဟန်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀၀၄-၂၀၀၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၄၇ ဒသမ ၅၄ သန်းရှိကြောင်း စာရင်းအင်းများအရ သိရှိရသည်။

အိန္ဒိယနိုင်ငံသည် အထည်အလိပ်၊ ဓာတုဗေဒပစ္စည်း၊ ဆေးဝါး၊ အင်ဂျင်နီယာနှင့် စိုက်ပျိုးရေးသုံးစက် ပစ္စည်းတို့ကို တင်ပို့ပြီး ကြေးနီ၊ သစ်စေး၊ စက္ကူ၊ အိုင်အိုဒင်း၊ ငါး၊ သစ်သားနှင့် ပျဉ်ချပ်တို့ကို ချီလီနိုင်ငံမှ တင်သွင်းခဲ့သည်။

### ကုန်သွယ်ဖက်

နှစ်နိုင်ငံ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှု (အက်ဖ်တီအေ)ကို ထပ်မံဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရများသို့ တင်ပြရန် သဘောတူညီခဲ့ကြပြီး၊ နှစ်နိုင်ငံလေ့လာရေးအဖွဲ့၏ တင်ပြချက်မူကြမ်းများကို နှစ်နိုင်ငံက ဆွေးနွေးခဲ့ကြသည်။ လက်တင်အမေရိကတွင် ချီလီနိုင်ငံသည် အိန္ဒိယ၏ အဓိက ကုန်သွယ်ဖက်ဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ကမ္ဘာ့ ကျောက်ကပ်ရောဂါ တိုက်ဖျက်ရေးနေ့ နီပေါ၌ ကျင်းပ

ခတ္တမန္ဒူ မတ် ၁၀

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ကမ္ဘာ့ကျောက်ကပ်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကြာသပတေးနေ့တွင် ကျင်းပသည်။ နီပေါတွင် ကျောက်ကပ်ရောဂါ ဖြစ်ပွားသူ ၂ ဒသမ ၅ သန်း ရှိကြောင်း နီပေါ အမျိုးသား ကျောက်ကပ်ရောဂါကုဌာနက ကြေညာသည်။ ကမ္ဘာ့ကျောက်ကပ် ရောဂါနေ့ကို နှစ်စဉ် မတ်၏ ဒုတိယမြောက် ကြာသပတေးနေ့တွင်ကျင်းပသည်။***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်တွင် ကန်တပ်ဖွဲ့ဝင် သေဆုံးမှု ယခုနှစ် မတ် ၁၀ရက်အထိ ၂၃၀၆ဦးရှိ

ဝါရှင်တန် မတ် ၁၁

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များ၊ အီရတ်ကို စတင်တိုက်ခိုက်သည့် ၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၆ခုနှစ် မတ် ၁၀ ရက်အထိကာလအတွင်း အီရတ်နိုင်ငံတွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၂၃၀၆ဦးရှိပြီဖြစ်ကြောင်း အေပီသတင်းဌာနမှတ်တမ်းများက ဖော်ပြသည်။

အထက်ပါ သေဆုံးစာရင်းတွင် ကန်စစ်ဘက်တာဝန်ကို ထမ်းဆောင်ရင်း သေဆုံးရသော အရပ်သားဝန်ထမ်းခုနစ်ဦး၏ စာရင်းလည်း ပါဝင်သည်။ ကန်တပ်ဖွဲ့ဝင် စုစုပေါင်း သေဆုံး စာရင်းအနက် ၁၈၀၇ဦးမှာ ခုခံဆန့်ကျင်သော တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ကန်စစ်ဘက် ထုတ်ပြန်ချက်များတွင် ပါရှိသည်။

အေပီသတင်းဌာန၏ သေဆုံးစာရင်းမှာ ကန်စစ်ဘက်မှ ထုတ်ပြန်သောစာရင်းနှင့် နှိုင်းယှဉ်လျှင် နှစ်ဦးလျော့နည်းနေသည်ဟု ဆိုသည်။ အဆိုပါကာလအတွင်း အပေါင်းပါတပ်ဖွဲ့တွင် ပါဝင်သော ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၃ဦး၊ အီတလီ ၂၇ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ စလိုဗက်သုံးဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယား၊ နယ်သာလန်နှင့် ထိုင်းနှစ်ဦးစီနှင့် ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတို့မှ တစ်ဦးစီ အသီးသီး အသက်ဆုံးရကြောင်း သိရသည်။

***အင်တာနက်။***

## တိရစ္ဆာန် ထိန်းသိမ်းရေး

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျားတစ်ကောင်ကဲ့သို့ ဝတ်စားဆင်ယင်ထားသည့် တိရစ္ဆာန်ထိန်းသိမ်းရေး လှုပ်ရှားသူတစ်ဦးကို မတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



# အစိုးရမင်းတို့က သာသနာတော်ကို ဘက်စုံထောင့်စုံမှ ကူညီချီးမြှောက်ထောက်ပံ့နေ ရနိုင်ခဲ့သည့် အခွင့်ကောင်းကို ရရှိနေခိုက် သာသနာတော်ကိစ္စအဝဝကို ထက်ထက်သန်သန်ဆောင်ရွက်

ရန်ကုန် မတ် ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်၏ နိဂမနသြဝါဒကထာ–**

ပဌမအကြိမ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ အားပေးချီးမြှောက်ကြွရောက်တော်မူလာကြသော နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရားများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဤအစည်းအဝေးကြီး၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က သံဃာ့အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း (၁၇) အပိုဒ် (၁၂၀) အရ တင်ပြအပ်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက် အစီရင်ခံစာအပေါ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်အခန်း (၁၆) အပိုဒ် (၁၀၈) အပိုဒ်ခွဲ (၃)နှင့်အညီ အပြုသဘောဖြင့် ဝေဖန် ဆွေးနွေး အကြံပေးတော်မူကြပြီး အတည်ပြုပေးတော်မူကြသည့်အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား နှစ်နှစ်ကာကာ ကျေးဇူးတင်ရှိပါကြောင်း လျှောက်ထားပါသည်။

**နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ဘုရား–**

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ တာဝန်ပေးချက်အရ သာသနာတော်၏ ကိစ္စအရပ်ရပ်ကို တာဝန်ယူလျက် ဆောင်ရွက်နေရသော အဖွဲ့ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာ၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကူအညီအထောက်အပံ့ကို များစွာ လိုအပ်ပါသည်ဘုရား။ သို့ဖြစ်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကြီး ကျင်းပသည့်အခါ၌ စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခြင်း၊ ဝေဖန်ဆွေးနွေးခြင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အကျိုးရှိရာရှိကြောင်း အကြံကောင်း၊ ဉာဏ်ကောင်းများပေးခြင်းတို့ဖြင့် ကူညီတော်မူကြပါရန် လိုလိုလားလား လျှောက်ထားပါသည်ဘုရား။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်တို့၏ အားသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အားဟူ၍ မှတ်ယူပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား–**

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေး ကိုဆောင်ရွက်ရာ၌ တပည့်တော်တို့ သံဃာတော်များချည်း ဆောင်ရွက်ရုံဖြင့် ပြီးပြည့်စုံမှု ရှိနိုင်မည်မဟုတ်ပါ။ "သာသနာတော်မည်သည် မင်းကိုမှီ၍ တည်တံ့ရ၏"ဟူသော ရှေးဆရာတော် အရှင်မြတ်တို့၏ အဆိုအမိန့်နှင့်အညီ နိုင်ငံတော် အစိုးရမင်းတို့ကိုမှီရမှ ပြီးပြည့်စုံ အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်ဘုရား။

သာသနာတော်ဝယ် သင်္ဂါယနာခြောက်ကြိမ်တိုင်တင်ခဲ့ကြရာ၌ အများအားဖြင့် မင်းကိုအမှီပြု၍ တင်ခဲ့ကြရပါသည်။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ယခုအချိန်အခါသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရမင်းတို့က မြတ်စွာဘုရားသာသနာတော်ကို ဘက်စုံထောင့်စုံမှ လိုလေသေးမရှိရအောင် ကူညီချီးမြှောက်ထောက်ပံ့နေသောရနိုင်ခဲ့သည့် အခွင့်ကောင်းကို ရရှိနေသော အချိန်ကောင်းအခါကောင်းဖြစ်ပါသည်။ ဤသို့ရနိုင်ခဲ့ သည့်အခွင့်ကောင်းကို ရရှိနေခိုက် "မာဝေါခဏံ ဝိရောဓေထ"ဟူသော ဒေသနာတော်အရ အခွင့်ကောင်းကိုလက်မလွတ်အောင် သာသနာတော်ကိစ္စအဝဝတို့ကိုထက်ထက် သန်သန် ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းပါသည်ဘုရား။

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ဂရုမပြုဘဲ သာသနာတော်အရေးကိုအလေးပေးကာ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်သြဝါဒါ စရိယဆရာတော်ကြီးများ၊ဆောင်ရွက်ဖွယ်ကိစ္စဟူသမျှကို မလစ်ဟင်းအောင်ကြိုးပမ်း ဆောင်ရွက်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ဤအစည်းအဝေးကြီးအောင်မြင်အောင် စီစဉ်ဆောင်ရွက်ပေးကြသော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမှုထမ်းအရာထမ်းများ၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် ဆွမ်းကွမ်းကိစ္စသည်တို့ကို ဆောင်ရွက်ပေးကြသော ဝန်ထမ်းများ၊ ဆွမ်းဒါယကာ၊ ဆွမ်းဒါယိကာမများအားလုံးတို့ကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်၍ ဤအစည်းအဝေးကြီး ပြီးမြောက်အောင်မြင်အောင်



**ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့တွင် သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက နိဂမနသြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူစဉ်။** (သတင်းစဉ်)

အဘက်ဘက်မှ ဆောင်ရွက်ကြသည့် ရဟန်းရှင်လူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော်ကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေ၊ မိမိတို့ ပန်ဆင်အပ်သော ဗောဓိဆုမြတ်ဖြင့် အမတစခန်း နိဗ္ဗာန်နန်းသို့စံမြန်းဝင်ရောက်နိုင်ကြပါစေဟု နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကိုယ်စား ဆုတောင်းပတ္ထနာပြုလိုက်ပါသတည်း။

**ဘဒ္ဒန္တကုမာရ**
**အဘိဓဇမဟာရဋ္ဌဂုရု**
**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**အဂ္ဂမဟာပဏ္ဍိတ**
**နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ**

# ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် မတ် ၁၁

**ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဆက်လက်ကျင်းပပြီး မွန်းလွဲပိုင်းတွင် ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။**

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့သို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ပဌမအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ပဲခူးတိုင်း (အနောက်) ပေါင်းတည်မြို့ နန်းဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ယုဂန္ဓရ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ဇယမေဒနီ ဝါဆိုကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယ၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသ၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တသောဘန နှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် အဘိဓမ္မနယူပဒေသ ကျောင်းတိုက် မစိုးရိမ်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ သာဂရာဘိဝံသတို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဒုတိယဥက္ကဋ္ဌ မကွေးတိုင်းသရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကေသရက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော် ဆောင် မကွေးတိုင်းရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် အစည်း အဝေးသို့ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို လျှောက်ထားကာ အစည်းအဝေးအထမြောက်ကြောင်းနှင့် ယနေ့ ဆက်ကပ်ဖြန့်ဝေထားသော အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

အစီအစဉ်အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒဘဒ္ဒန္တဇာဂရာဘိဝံသက တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်လည် ရှင်းလင်းလျှောက်ထားပြီး သဘာပတိ ဆရာတော်က အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ပုသိမ်မြို့ နဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အဆင့်မြှင့်တင်ရေးနည်းလမ်းများနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာနဝန်ကြီး၏ လျှောက်ထားခြင်းကို တင်ပြလျှောက်ထားပြီးအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက်အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ သဘာပတိ ဆရာတော် အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးတိုင်းမကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူသည်။ အစီအစဉ်အရ သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရက နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ် လက်မှတ်များကို ဆက်ကပ်တော်မူသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဆဋ္ဌ အစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည် ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီး ၁၅ပါး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် ပြည်နယ်၊ တိုင်း အသီးသီးတို့မှ ကိုယ်စားလှယ် တစ်ပါးကျစီတို့ကသာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်ကြီး၌ လက်မှတ်ရေးထိုးတော်မူကြသည်။

ဆက်လက်၍ သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်းမကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရက နိဂမန သြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

**(သဘာပတိ ဆရာတော်၏ နိဂမန သြဝါဒကထာကိုအပေါ်တွင် ဖော်ပြထားပါသည်။)**

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက "ဇယန္တော ဗောဓိယာ မူလေ" အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုကြပြီးနောက် သာဓုသုံးကြိမ် ခေါ်ဆိုလျက် မွန်းလွဲပိုင်းတွင် ပဌမ အကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ ဆဋ္ဌအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

**ဆက်ကပ်လှူဒါန်း**

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ကြွရောက် တော်မူလာကြသော ဆရာ တော်များအား အလှူရှင်များက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ် လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် (၁၇၇)မှ ဦးလှအေးနှင့် ကိုးပါးဆေး မိသားစုတို့က တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

## သာသနာ့ဗိမာန်တော်ကြီး သန်လျင်၌တည်ဆောက်မည်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့၏ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီးကို သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမဒီဂရီကောလိပ်လမ်းထောင့်ရှိ မြေသုံးဧကပေါ်၌ ခေတ်မီနှစ်ထပ် အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်၍ အလှူရှင်များအနေဖြင့် သာသနာ့ဗိမာန်တည်ဆောက်ရေးရုံးအဖွဲ့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမဒီဂရီ ကောလိပ်လမ်းထောင့်နှင့် နီလာမင်းရွှေဆိုင် မြို့မဈေး အပေါ်ထပ်(သန်လျင်) ဖုန်း–၀၅၆–၂၁၂၀၁နှင့် ၀၉၅၀–၁၅၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ တက်ရောက် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)လမ်းပိုင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၁

**မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၆ရက် နံနက် ၇နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် ဆည်ရေသောက် နွေစပါး အထူးဇုန်နယ်မြေရှိ နွေစပါးစိုက်ခင်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။**





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆည်ရေသောက်နွေစပါး အထူးဇုန်နယ်မြေ၌ တောင်သူ ဦးစိုးမြင့် စိုက်ပျိုးထားသော နွေစပါး ၁၅၉ဧက၊ တောင်သူ ဦးဖိုးကြည်စိုက်ပျိုးထားသော နွေစပါးဧက ၁၁၀နှင့် စိုက်ပျိုးရန် အသင့်ထွန်ယက်ထားသော လယ်မြေကွက် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီ ၄၅မိနစ်တွင် စွယ်တော်မြတ်စေတီတော်(မန္တလေး)စန္ဒကူးစိုက်ခင်းအနီးရှိ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူစံပြပျိုးဥယျာဉ်၌ ကျင်းပသော မန္တလေးတိုင်းအတွင်းရှိ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများအား ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးတာဝန် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးသည်။

အခမ်းအနားတွင် မန္တလေးတိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကြင်က မန္တလေးတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကေါ်းသိန်းပြည့်မီအောင် စိုက်ပျိုးရေးအတွက် နှစ်အလိုက် စီမံချက်ချမှတ် အကောင်အထည်ဖော်သွားမည့် အစီအစဉ်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မန္တလေးတိုင်းအတွင်းရှိ တိုင်းအဆင့် ဌာနဆိုင်ရာများဖြစ်သော တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ တိုင်းကျန်းမာရေးဦးစီးဌာန၊ တိုင်းပညာရေးမှူးရုံး၊ ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၊ လူမှုရေးအသင်းအဖွဲ့များသို့ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့နှင့်ပျိုးကိုင်များ ပေးအပ်ရာ ဒုတိယတရားသူကြီးချုပ်(မန္တလေး)ဦးခင်မောင်လတ်၊ ဒုတိယရှေ့နေချုပ် (မန္တလေး) ဦးဟန်ရှိန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူဆီအသုံးပြု၍ ကြက်ဆူစေ့ညှစ်စက်၊ ကြိတ်စက်၊ မီးဖို၊ မီးအိမ်၊ မီးခွက်များ လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့သည် ခြံစည်းရိုးကြက်ဆူပင်ပျိုးပင်ကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စွယ်တော်မြတ် စေတီတော်(မန္တလေး) ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ပြီး စွယ်တော် မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၈နာရီခွဲတွင် ထုံးဘို-မြစ်ငယ်ဖြတ်လမ်း မိုင်တိုင်အမှတ် (၂/၁) သို့ ရောက်ရှိကြပြီး ဒွေးလမ်းဖောက်လုပ်နေမှု၊လမ်းအူကြောင်းနှင့်လမ်းပိုင်းအခြေအနေ၊ နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထုံးဘို-မြစ်ငယ် ဖြတ်လမ်းမိုင်တိုင် (၆/၇) နှင့် (၆/၈) တို့၌ စက်ယန္တရားများဖြင့် မြေဖို့ခြင်း မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်(မန္တလေး) အထွေထွေမန်နေဂျာ ဦးမြင့်ဇော်က လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား ရှင်းလင်း ဆောင်၌ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးမြင့်ဇော်က ဖို့မြေလုပ်ငန်းအနေဖြင့် လုပ်ငန်းတစ်ခုလုံး၏ ၂၄ ဒသမ ၃ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ယန္တရား၊ ယာဉ်အစီး ၂၀ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကားလမ်းဖြတ်ရေပြွန်များ စနစ်တကျ ပိုက်များချ ဆောင်ရွက်ရန်နှင့် ရွာဝင်တံတားလေးများ ဆောက်လုပ်ရာတွင် ရေဆိုးမြောင်းများ ပိတ်လျှံမှုမဖြစ်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လမ်းမိုင်တိုင် အမှတ် (၆/၈) မှ (၉/၀) ကြား လမ်းမြေသားညှိ ဆောင်ရွက်ထားမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေအားလျှပ်စစ် ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ရေလွှဲဥမင်လိုဏ်များ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ရေလွှဲခြင်း လုပ်ငန်းပြီးစီးမှု၊ တမံအတွင်း ကွန်ကရစ်သွန်းလောင်းမှု၊ ရေတားနံရံပြီးစီးမှု၊ ရေကာကွန်ကရစ်နံရံ အပိုင်း(၁)နှင့် (၂) ပြီးစီးမှု၊ ပင်မတမံတွင်း RCC ကွန်ကရစ် သွန်းလောင်းမည့် အစီအစဉ်၊ ဘိလပ်မြေ၊ ပိုဆိုလန်နှင့်ကျောက်များ စုဆောင်းမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်တင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ငယ်မြစ် (နမ္မတူမြစ်)၏ လက်ယာဘက်ခြမ်း အမြင့် ၄၃၃ပေ တမံပေါ်ရှိ ရှုခင်းသာမှ ချဉ်းကပ် ဥမင်လိုဏ်ဆောက်လုပ်နေမှု၊ ရေယူ အဆောက်အအုံ၊ တမံကွန်ကရစ် သွန်းလောင်းထားသည့်အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များ ဖြင့် ဆက်လက် ထွက်ခွာလာရာ အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်နှင့် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ဆုံရပ်ရွှေစာရံ မီးသွေးဖုတ်





ကြည့်ရှု စစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဖျောက်ဆိပ်ပင်-နောင်ခမ်းလမ်းပိုင်းတွင် စက်ယန္တရားများဖြင့် လမ်းခင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

ကျေးရွာအနီး ဒုဋ္ဌဝတီမြစ်ကမ်းသို့ ရောက်ရှိပြီး ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခရိုင်ချင်းဆက်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာသို့ မွန်းလွဲ ၁နာရီတွင် ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ရွှေစာရံ-ဖျောက်ဆိပ်ပင်-နောင်ခမ်းသံရွာ လမ်းပိုင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ကတ္တရာလမ်းခင်းမှု အခြေအနေ၊ သစ်သား တံတားနှင့် ရေပြွန်များ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ ဖျောက်ဆိပ်ပင်-နောင်ခမ်း လမ်းပိုင်းပေါ်ရှိ မြင်းတွင်းရွာအနီးသို့ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ရောက်ရှိပြီး စက်ယန္တရားများဖြင့် လမ်းခင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ မွန်းလွဲ ၁နာရီ ၅၅မိနစ်တွင် သံရွာ-နောင်ခမ်းကျေးရွာ ဆက်သွယ်သည့် ဇော်ဂျီမြစ်ကူး နောင်ခမ်းတံတား(သံရွာ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာလာရာ မန္တလေးမြို့သို့ ညနေ ၃နာရီခွဲတွင် ပြန်လည်ရောက်ရှိပြီး မန္တလေးမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် စတုတ္ထအကြိမ် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၁

**ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် စတုတ္ထအကြိမ် ဆရာအတတ်ပညာဒီပလိုမာ အပ်နှင်းခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် တက္ကသိုလ် ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် တက္ကသိုလ်ကောင်စီဝင်များ၊ နယ်မြေခံ တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး မိုးမြင့်၊ ပြည်နယ်နှင့် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးညီညီစံ၊ စစ်ကိုင်းတိုင်း တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်၊ တက္ကသိုလ်ပညာရေး အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မဟာပညာရေး ဘွဲ့ရရှိသူ သုံးဦး၊ ဘွဲ့လွန် ပညာရေး ဘွဲ့ရရှိသူ ၅၃ဦးနှင့် ပညာရေး ဘွဲ့ရရှိသူ ၉၂ဦးတို့အားလည်းကောင်း၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ပညာရေးဘွဲ့ရရှိသူ ၁၅၇ဦးအား လည်းကောင်း ဘွဲ့လက်မှတ်များ အပ်နှင်းသည်။ ဆက်လက်၍ ပြည်ထောင်စု တိုင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက ပညာရေး ဘွဲ့ရရှိသူ ၉၆ဦးအား ဘွဲ့လက်မှတ်များ၊ ဆရာအတတ်ပညာ ဒီပလိုမာရရှိသူ၆၈ဦးအားဒီပလိုမာများအပ်နှင်းသည်။

ထို့နောက် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် သင်တန်းဆင်းမောင်မယ်များအနေဖြင့် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသော ပညာရေးဝန်ထမ်းများပီသစွာ မိမိတို့ထမ်းဆောင်ရမည့် တာဝန်၏ အရေးပါမှုကို သဘောပေါက်ပြီး နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များကို အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန် စိတ်စေတနာ အပြည့်ဖြင့် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို ထူထောင်ရာတွင် နိုင်ငံရေးနှင့် စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းလာအောင် နိုင်ငံတော်အစိုးရက မနားမနေကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိသည်ကို နားလည် သိမြင်ပြီး မိမိတို့ သင်ယူတက်မြောက်ခဲ့သည့် ပညာရပ်များကို အသုံးပြုကာ နယ်မြေဒေသနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးလာအောင် ဒေသခံပြည်သူများကို ဦးဆောင်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် တက္ကသိုလ်က လေ့ကျင့်ဖော်ဆောင်ပေးခဲ့သည့် ပြည်ထောင်စု စိတ်ဓာတ်အခြေခံကောင်းများကို နိုင်ငံအနှံ့သယ်ဆောင်သွားပြီး ဒေသခံပြည်သူများနှင့် တပည့်များအကြား ရှင်သန်ပြန့်ပွားနေအောင်၊ တိုင်းရင်းသားပြည်သူများအကြား မှန်ကန်သည့် အသိအမြင် အတွေးအခေါ်များ ရရှိအောင် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများပီပီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



**ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် စတုတ္ထအကြိမ်ဆရာအတတ်ပညာဒီပလိုမာ အပ်နှင်းခြင်းအခမ်းအနားတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး ဘွဲ့လက်မှတ်အပ်နှင်းစဉ်။**
(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အခြေခံစက်ရုံများစစ်ဆေး

**ရန်ကုန် မတ် ၁၁**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် Asia Woodကုမ္ပဏီလီမိတက်၏ သစ်အခြေခံ စက်ရုံသို့ရောက်ရှိရာ ကျွန်းနှင့် ပျဉ်းကတိုး သစ်အချောထည်များနှင့် သစ်လုံးများကို ခွဲစိတ်၍ ပရိဘောဂပစ္စည်းထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံသည် ကျွန်းနှင့် ပျဉ်းကတိုး ပရိဘောဂများကို ဥရောပနိုင်ငံများနှင့် စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချနေသော ကုမ္ပဏီဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ရွှေပြည်သာမြို့နယ် New Brothersလီမိတက်၏ သစ်အခြေခံစက်ရုံသို့ ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းအောင်က စက်ရုံအကြောင်း ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့မည့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါစက်ရုံမှ ကျွန်းနှင့်ပျဉ်းကတိုး သစ်ခွဲသားများကို ဥရောပနိုင်ငံများ၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ကို တင်ပို့နေသော စက်ရုံဖြစ်သည်။ ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ သစ်လုပ်ငန်းအင်ဂျင်နီယာဌာန အခြေစိုက် အလုပ်ရုံရန်ကုန်သို့ ရောက်ရှိရာ အထွေထွေမန်နေဂျာ ဦးဝင်းလွင်က အလုပ်ရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် အလုပ်ရုံ အတွင်း ကြည့်ရှုစစ်ဆေးကာ ယာဉ်/ယန္တရား ပြင်ဆင်ခြင်းလုပ်ငန်းများ၊ မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် စီမံချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

(သတင်းစဉ်)



**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ရန်ကုန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သစ်တောရေးရာ)

# ဂရင်းရွိုင်ရယ်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား လားရှိုးဂေါက်ကလပ်၌ ကျင်းပ

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးဂေါက်ကလပ်၌ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမား ၁၂၀ တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် တီခုံ(၁၀)၌ နေရာယူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးနှင့် MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် သန်းဝင်း(မူဆယ်)နှင့် ဝင်းနိုင်(ရမခ) တို့က Nett Total ၆၈ချက်စီဖြင့် ပူးတွဲ ဦးဆောင်ကစားလျက်ရှိသည်။

မတ် ၁၂ရက် နံနက် ၇နာရီခွဲတွင် ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲကို ယင်းဂေါက် ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)





**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ခင်ကြည်၊ဒေါ်ခင်ရီညီအစ်မတစ်စုက ငွေကျပ် ၁၁၀၀၀၀ ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

# သမဝါယမအသင်းများသို့ ခြစည်းရိုးကြက်ဆူပျိုးပင်များပေးအပ်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်း သမဝါယမ ဦးစီးဌာနနှင့် ရန်ကုန်တိုင်းအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုချုပ်တို့က ဦးဆောင်ပြီး တိုင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမည့်သမဝါယမအသင်းများသို့ ကြက်ဆူပျိုးပင်များ ဖြန့်ဖြူးခွဲဝေပေးအပ်ပွဲကို ယမန်နေ့ နံနက် ၈နာရီတွင် လှည်းကူးမြို့နယ် ငါးဆူတောင် စိုက်ပျိုးရေးသမဝါယမအသင်း စိုက်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းသမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့်အသင်းစုချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရဲအောင်(ငြိမ်း)တို့က ပျိုးပင်များကို မြို့နယ်အသင်းစု ဥက္ကဋ္ဌများအား ပေးအပ်ကြသည်။ **(ယာပုံ)**

ရန်ကုန်တိုင်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်သည် ခြံစည်းရိုးကြက်ဆူပျိုးပင်သုံးသိန်းကို ငါးဆူတောင်စိုက်ပျိုးရေးသမဝါယမ အသင်းတွင် အောင်မြင်စွာ ပျိုးထောင်ပြီးဖြစ်သည့်အပြင် မျိုးစေ့ပျိုးပင် ၂၁ သိန်းကိုလည်း ဆက်လက်ပျိုးထောင်ရန်စီစဉ်ထားပြီးဖြစ်သည်။ ထို့ပြင် ချိုသဲသစ်ခွ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းစိုက်ကွင်းတွင်လည်းမျိုးစေ့ပျိုးပင် ခြောက်သိန်းကို ပျိုးထောင်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ (က-ပ)

# ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖိုတိုလစ်သို ပုံနှိပ်စက်ရုံစစ်ဆေး

**ရန်ကုန် မတ် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတိုလစ်သို ပုံနှိပ်စက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

**ဖြည့်စွက်ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စက်ရုံညွှန့်ခန်းမ၌ စက်ရုံမှူး ဦးလှိုင်ဝင်းခေါင်က ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ စက်ရုံလုံခြုံရေး နှင့် မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက စက်ရုံရှိ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးသတိ၊ လုံခြုံရေးအသိရှိရှိဖြင့် လုံခြုံရေးစနစ်ကို ပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေး ဆောင်ရွက်နေမှုများကို တာဝန်ရှိသူ အဆင့်ဆင့်တို့က ကြပ်မတ်စစ်ဆေး ဆောင်ရွက်ရေး၊ မီးဘေးလုံခြုံရေးအတွက် အရေးပေါ် မီးငြိမ်းသတ် ကိရိယာများ၊ မီးသက်ရေကန်များ စီစဉ်ထားရှိခြင်းနှင့် ဆက်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**ပြန်လည်ထွက်ခွာ**

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်း ပုံနှိပ်စက်များလုပ်ငန်း ဆောင်ရွက်နေမှုနှင့် သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအဆောက်အအုံ၏ ပြန်လည်ပြုပြင်မွမ်းမံရန် လိုအပ်သည့်အပိုင်းများကို ပြုပြင်မွမ်းမံရန်အတွက် ကျွမ်းကျင်သူများနှင့် ညှိနှိုင်းတွက်ချက်၍ ဆောင်ရွက်သွားရေး၊ ပြန်လည် ပြုပြင်နိုင်သည့် စက်ပစ္စည်း အစိတ်အပိုင်းများကို ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်ရေး၊ အသုံးပြု၍ မရတော့သည့် စက်ပစ္စည်း အစိတ်အပိုင်းအဟောင်းများကို လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ ညနေပိုင်းတွင် စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတိုလစ်သို ပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဓိဝိတဒါန သံဃာ့ဆေးရုံကြီး ပဒေသာပင်အလှူရှင် ရေစက်ချပွဲကျင်းပ

**ရန်ကုန် မတ် ၁၁**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပြည်တွင်း၊ ပြည်ပမှ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းကြသော ပဒေသာပင် အလှူရှင်များ၏ (၄၁)ကြိမ်မြောက် ရေစက်ချ မင်္ဂလာပွဲနှင့် ပဒေသာပင် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုညှော်ခံပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါဆေးရုံကြီး၏ ဝေဇယန္တာဆောင်၌ ကျင်းပရာ သာကေတမြို့နယ် ပါဠိကာရီ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂိသ ထံမှ ပရိတ်တော်ကို ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**အမျှပေးဝေ**

ထို့နောက် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ပါဠိကာရီ ပရိယတ္တိ စာသင်တိုက်၏ ပဓာန နာယက ဆရာတော်ထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

# ခရမ်းမြို့နယ်အသင်း ဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၁**

ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သောဘိတသည် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့ကိုလည်းကောင်း၊ ကမာကလူကျေးရွာ ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသသည် မဟာသဒ္ဓမ္မဇောတိက ဘွဲ့ကိုလည်းကောင်း နိုင်ငံတော်မှ ပူဇော်ခြင်း ခံယူရရှိသည့်အတွက် ခရမ်း မြို့နယ်အသင်းက ပူဇော်ပွဲကို မတ် ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ် သဖြင့် အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြည်ညို ပူဇော်ကြပါရန် နှိုးဆော်ထားသည်။

(သတင်းစဉ်)

# ရွှေတောင်မြို့ တရားစခန်းပွဲ

**ရန်ကုန် မတ် ၁၁**

ပဲခူးတိုင်း ရွှေတောင်မြို့ မဟာစည် ရိပ်သာတွင် မဟာစည်တရားစခန်းပွဲကို တပေါင်းလပြည့်ကျော် ၁၂ ရက် (မတ် ၂၅ ရက်)တွင် ကျင်းပမည်ဖြစ်ရာ ပဲခူးမြို့နယ် ဘုရားကလေး စံပြကျေးရွာ အေးစေတီကျောင်းတိုက် ပဓာန နာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဇဝနနှင့် မြင်းကကုန်းမြို့ ဓမ္မဂုဏ်ရည် မဟာ စည်ရိပ်သာ ဆရာတော် မဟာစည် နယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တ ဇောတ သာရ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက် ကြောင်းတရားများ ဟောကြားမည်ဖြစ် သည်။

(က-ပ)

# ပေါက်ခေါင်းမြို့နယ်အသင်း အစည်းအဝေး

**ရန်ကုန် မတ် ၁၁**

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ တွင် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြ ဖဆပလရပ်ကွက်၊ တိုက် (၆၈)၊ အခန်း (၄) အနီးရှိ သာသနာ့ဟိတကာရီ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသက် (၇၅) နှစ် အထက် ကန်တော့ခံ အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများ၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွင်း တက္ကသိုလ် ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင် ခဲ့ကြသော အသင်းဝင် မိဘများ၏ သားသမီးများစာရင်းကို မတ် ၁၅ ရက် နောက်ဆုံးထား၍ အမှတ်စာရင်း များနှင့်အတူ ဦးထွင်ဝ် ဖုန်း-၃၈၇၅၃၄၊ ဦးသွေးမြင့် ဖုန်း- ၅၈၀၆၁၈၊ ဒေါ် ခင်လေးမြင့် ဖုန်း-၃၇၄၉၆၅ တို့ထံ ဆက်သွယ် စာရင်းပေးပို့နိုင်ကြောင်း အသင်းဝင်ဖြစ်စေ၊ မဝင်ရသေးသူဖြစ် စေ အားလုံးတက်ရောက်ကြရန် နှိုးဆော် ထားသည်။

(က-ပ)



၂၀၀၆ခုနှစ် ကမ္ဘာ့အေးကုန်းမြေ ဆွမ်းဆန်စိမ်း လောင်းလှူပွဲတော်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အရှေ့)ရပ်ကွက် ပြည်သူများ စုပေါင်းလှူဒါန်းငွေ ကျပ် ၂၆၀၀၅၀ ကို မတ် ၁၁ ရက်က ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုထံ မြို့နယ်ရုံးခန်းမ၌ ပေးအပ်လှူဒါန်းစဉ်။ (၃၂)

## ကြေးမုံ The Mirror — အင် တာ နက် သ တင်း

# တက္ကဆက်ပြည်နယ်၌ ခြဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**အော်စတင်(တက္ကဆက်) မတ် ၁၁**

အမေရိကန်နိုင်ငံရှိ တက္ကဆက် ပြည်နယ်တွင် မတ် ၉ ရက်က ခြဘေးအန္တရာယ် သတိပေးချက် တစ်ရပ်ကို ထုတ်ပြန်ထားသည်။ တက္ကဆက်ပြည်နယ်ရှိ ***စီရင်စု ၂၅စုတွင်*** ခြတောင်ပို့အများအပြား ကို တွေ့ရှိခဲ့ရပြီးနောက် ယင်းသို့ သတိပေးချက် ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။ တက္ကဆက်ပြည်နယ် တွင် တွေ့ရှိရသော ခြမှာ ဖော်မိုဆန် အမျိုးအစားခြ ဖြစ်သည်။

တက္ကဆက် ပြည်နယ်အတွင်း နေထိုင်သူများသည် နွေဦးပေါက် ရာသီ ဥယျာဉ်များ မွမ်းမံပြင်ဆင်နိုင် ရေးအတွက် မြေဆွေးများနှင့် အခြား သော သစ်သားထုတ်ကုန်များကို ဝယ်ယူသည့်အခါ ခြများ ပါဝင်နေ ခြင်း ရှိ၊ မရှိ အလေးထားကြရန် ပြည်နယ် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာနက နှိုးဆော်ထား သည်။

ကက်ထရီနာနှင့် ရီတာ ဟူ၍ အမည်ပေးထားသော ဟာရီကိန်း မုန်တိုင်းများ တိုက်ခတ်ခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့ရသော အပျက်အစီးများ အတွင်း ခြများကို တွေ့ရှိခဲ့ကြရ သည်။

ဖော်မိုဆန်ခြမျိုးသည် ဖျက်ဆီး နိုင်သည့် စွမ်းပကားမြင့်မားသည့် ခြတစ်မျိုးဖြစ်သည်။ နေအိမ်များ နှင့် သစ်သား အဆောက်အအုံများကို ခြများက ဖျက်ဆီးပစ်သည့်အပြင် သစ်ပင်မျိုးစိတ် အမျိုး ၅၀ နီးပါးမှာ လည်း ခြများ၏ ဖျက်ဆီးမှုအန္တရာယ် နှင့် ရင်ဆိုင်နေရသည်။ တက္ကဆက် ပြည်နယ်ရှိ စီရင်စုအချို့တွင် တွေ့ရှိ ရသော ခြတောင်ပို့များ၌ ခြကောင် ရေ တစ်သန်းကျော်ရှိမည်ဟု ခန့်မှန်း ရသည်။

***အင်တာနက်။***



ခြစားမှုကြောင့် ရဲတိုက်ပုံသဏ္ဌာန် ဖြစ်ပေါ်နေသော ခြတောင်ပို့ တစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၂-၃-၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | **မိုးကုတ်ဆရာတော်ကြီး တရားတော် -အိမ်တွင်းပဋိစ္စသမုပ္ပါဒ် အမှတ်(၂)** |
| ၉:၁၀ | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| ၉:၁၁ | ၁၁။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၁၅ | ၄။ | ကျန်းမာသုတ |
| ၁၂:၃၅ | ၅။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၅၀ | ၆။ | **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - အပြောင်းအလဲ အပိုင်း(၂)** |
| ၁:၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၉ | ၈။ | အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၉။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၃၅ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၅။ | အမေးကမ္ဘာတွေးစရာ |
| ၆:၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၈။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၀။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၁။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နန်းတွင်းရတနာ (အပိုင်း-၁၉)** |
| ၈:၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၄။ | ပဟေဠိနန်းတော် |
| | ၁၅။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၆။ | **English Premier League ဘောလုံးပွဲအစီအစဉ် – Arsenal Vs Liverpool** |
| | ၁၇။ | သင့်အတွက်မနက်ဖြန် |
| | ၁၈။ | အပိတ်နှုတ်ဆက်စကား |
| | ၁၉။ | ပြီးပါပြီ။ |

# ပြည်တွင်း/ပြည်ပအားကစား သတင်းများ



## အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီအစည်းအဝေး အဖွဲ့ဝင် ၁၁နိုင်ငံ ကိုယ်စားလှယ်များ တက်ရောက်

**ရန်ကုန် မတ် ၁၁**

(၂၁)ကြိမ်မြောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးကို ယနေ့ ညနေ ၃နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပရာ အာဆီယံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ H.E Tengku Tan Sri Dato Seri Ahmad (မလေးရှား)၊ ဒုတိယဥက္ကဋ္ဌ Mr. Ibrahim othman (စင်ကာပူ) နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၁၁နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါအစည်းအဝေးတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ကျင်းပမည့် အာဆီယံချန်ပီယံ တံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ အမျိုးသား အာဆီယံ ယူ-၂၀ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၇ပြိုင်ပွဲ နှင့် အာဆီယံ ဖူဆယ်ဘောလုံးပြိုင်ပွဲများ ကျင်းပရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ယခုအစည်းအဝေးသို့ အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းနှင့် အရှေ့တီမောတို့ တက်ရောက်ကြသည်။

**တက်ရောက်**

ညပိုင်းတွင် အာဆီယံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ (ကြေးမုံ)

## မြန်မာလိဂ်အဆင့်မြင့်တန်းပွဲ ပြီးစီး ဘဏ္ဍာ/ အခွန် အမှတ် ၄၀ ဖြင့် ဗိုလ်စွဲ

**ရန်ကုန် မတ် ၁၁**

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့်သုဝဏ္ဏကွင်းတို့တွင်ဆက်လက်ကျင်းပရာ တံခွန်အသင်း အနိုင်ရရှိသွားပြီး စွမ်းအင်အသင်းနှင့် လယ်ယာ/ထွက်ကုန်အသင်းတို့ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

**အောင်ဆန်းကွင်း**

| | |
|---|---|
| **တံခွန်အသင်း** | **တစ်ဂိုး** |
| **ပြည်ထဲရေးအသင်း** | **ဂိုးမရှိ** |

ပွဲကုန် ၁၅ ပွဲစီ ကစားအပြီးတွင် တံခွန်အသင်းက ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံး၊ ၂၉ဂိုးသွင်း၊ ၁၅ဂိုးပေး၊ ၂၇ မှတ်ဖြင့် ပဉ္စမနေရာတွင် လည်းကောင်း၊ ပြည်ထဲရေးအသင်းက ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ခုနစ်ပွဲရှုံး၊ ၁၉ဂိုးသွင်း၊ ၂၆ဂိုးပေး၊ ၁၈မှတ်ဖြင့် ဒသမနေရာတွင်လည်းကောင်း ရပ်တည်ခဲ့ကြသည်။

**သုဝဏ္ဏကွင်း**

| | |
|---|---|
| **စွမ်းအင်** | **တစ်ဂိုး** |
| **လယ်ယာထွက်ကုန်** | **တစ်ဂိုး** |

ပြိုင်ပွဲအပြီးတွင် စွမ်းအင်အသင်းက ၁၅ပွဲကစား၊ ကိုးပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံး၊ ၂၅ဂိုးသွင်း၊ ၁၄ဂိုးပေး၊ ၃၁ မှတ်ဖြင့် တတိယနေရာကိုလည်းကောင်း၊ လယ်ယာထွက်ကုန် အသင်းက သုံးပွဲနိုင်၊ ငါးပွဲသရေ၊ ခုနစ်ပွဲရှုံး၊ ၁၃ဂိုးသွင်း၊ ၂၇ဂိုးပေး၊ ၁၄မှတ်ဖြင့် အဆင့် ၁၄နေရာတွင် လည်းကောင်း ရပ်တည်ခဲ့ကြသည်။

**အမှတ်အနည်းဆုံး**

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ရာ ဘဏ္ဍာ/အခွန်အသင်းက ရမှတ် ၄၀ ဖြင့် ချန်ပီယံဆု ဆွတ်ခူးရရှိသွားပြီး စီးပွား/ကူးသန်းအသင်းက ၃၄ မှတ်ဖြင့် ဒုတိယ၊ စွမ်းအင်အသင်းက ၃၁ မှတ်ဖြင့် တတိယရရှိသည်။ အမှတ်အနည်းဆုံးနှစ်သင်းဖြစ်သည့် ရထားပို့ဆောင်ရေး ၁၀ မှတ်နှင့် အမှတ်မရသည့် တပ်မတော်ကြည်း(က)တို့မှာ ပထမတန်းသို့ ဆင်းရမည်ဖြစ်သည်။ (ကြေးမုံ)

## ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားအဆင့် ပွဲစဉ်ရေးဆွဲ

**ပါရီ မတ် ၁၁**

ထင်ပေါ်ကျော်ကြား ရေပန်းစားနေသော စပိန်မှ ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် ပေါ်တူဂီနိုင်ငံမှ ဘင်ဖီကာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင် သောကြာနေ့က မဲနှိုက်ဆုံးဖြတ်သည့် ပွဲစဉ်ဇယားအရ သိရှိရသည်။

ဥရောပချန်ပီယံ ခြောက်ကြိမ်ရရှိထားသော အီတလီ အေစီမီလန်အသင်းမှာမူ အိုလံပစ်လီယွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အေစီမီလန်အသင်းသည် လွန်ခဲ့သည့်နှစ်က ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် လီဗာပူးအသင်းကို ပွတ်ကာသီကာဖြင့် ရှုံးနိမ့်ခဲ့သည့်အသင်းဖြစ်သည်။ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပသည့် ယင်းပွဲတွင် တစ်ဖက် သုံးဂိုးစီဖြင့် သရေကျနေသဖြင့် အချိန်ပိုကစားခဲ့ရာ အေစီမီလန်အသင်း ရှုံးနိမ့်ခဲ့သည်။ အိုလံပစ် လီယွန်အသင်းသည် ချန်ပီယံလိဂ် ဘောလုံးသမိုင်းစဉ်တွင် မည်သည့်အခါတွင်မျှ ကွာတားဖိုင်နယ်အဆင့်ကို ကျော်လွန်ကာ ယှဉ်ပြိုင်နိုင်ခြင်းမရှိသော အသင်းဖြစ်သည်။

**မတ် ၈ ရက်က ကျင်းပသည့် ချန်ပီယံလိဂ် ရှုံးထွက်အဆင့် ဒုတိယအကျော့ ဘောလုံးပြိုင်ပွဲတွင် အေစီမီလန်အသင်းမှ ကာကာနှင့် ဘေယန်မြူးနစ်အသင်းမှ ဒိုင်ဆလာတို့ ဘောလုံးယှဉ်လုကြစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



ပြီးခဲ့သည့် အင်္ဂါနေ့က အီတလီနိုင်ငံ တူရင်မြို့တွင် ဂျာမနီကလပ်အသင်းဖြစ်သော ဝါဒါဘရီမင်အသင်းကို အနိုင်ရရှိခဲ့သော ဂျူဗင်တပ်စ်အသင်းသည် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲအဖြစ် ဟိုက်ဘူရီကွင်းတွင် ယှဉ်ပြိုင်ကစားသည့်အခါ ပြင်သစ် ကွင်းလယ်ကစားသမား ပက်ထရစ်ဗီယာအီရာသည် ၎င်း၏ ကလပ်အသင်းဟောင်း၌ ပါဝင်ကစားမည်ဖြစ်သည်။



**စာအုပ်ငါးအုပ် ရေးသားပေးရန် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးလိုက်သူ ဝိန်းရူနီ။**

## အင်္ဂလန်တိုက်စစ်မှူး ဝိန်းရူနီ အားကစားစာအုပ်များ ရေးသားမည်

**လန်ဒန် မတ် ၁၁**

မန်ချက်စတာယူနိုက်တက်အသင်း၏ အင်္ဂလန်တိုက်စစ်မှူး ဝိန်းရူနီသည် အားကစားဆိုင်ရာ စာအုပ်စာတမ်းထုတ်ဝေမှုသမိုင်းတွင် စာမူခအများဆုံးချီးမြှင့်ပေးသည့် ကန်ထရိုက်စာချုပ်တစ်ရပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးလိုက်သည်။

အသက်(၂၀)အရွယ်ရှိ ဝိန်းရူနီသည် ပေါင်ငွေငါးသန်း (အမေရိကန်ဒေါ်လာ ၈ဒသမ၇သန်း)ထက်မနည်းရရှိမည့် ကန်ထရိုက်စာချုပ်ကို နယူးစ်ကော်ပိုရေးရှင်း၏ လက်အောက်ခံ စာအုပ်ထုတ်ဝေရေးကုမ္ပဏီဖြစ်သော ဟာပါကောလင်းစ်နှင့် လက်မှတ်ရေးထိုးလိုက်ကြောင်း ဗြိတိသျှမီဒီယာများတွင် ဖော်ပြသည်။ သို့ရာတွင် စာအုပ်တိုက်၏ ပြောရေးဆိုခွင့်ရှိသူကမူ ကန်ထရိုက်စာချုပ်ပါ ငွေကြေးဖော်ပြချက်ကို အတိအကျမပြောဘဲ အလွန်များပြားလှသည့် ငွေကြေးပမာဏဟူ၍သာ သုံးနှုန်းသည်။

ကန်ထရိုက်သဘောတူညီချက်အရ ဝိန်းရူနီသည် လာမည့် ၁၂ နှစ်တာကာလအတွင်း စာအုပ်ငါးအုပ်ရေးသားပေးရမည်ဖြစ်သည်။ ဝိန်းရူနီ၏ ပထမစာအုပ်အကြောင်းအရာမှာ ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် သက်ဆိုင်မည်ဖြစ်ပြီး ကျန်စာအုပ်လေးအုပ်မှာ ၎င်း၏ ဘောလုံးသမားဘဝ အတွေ့အကြုံများကို ဖော်ကျူးမည်ဖြစ်သည်။ ***အင်တာနက်။***

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲသို့ ပွဲဦးထွက် ဝင်ရောက်လာသော စပိန်ကလပ်အသင်း ဗီလာရီးရဲလ်သည် အင်တာမီလန်နှင့် နယ်သာလန်ကလပ် အေဂျက်စ်တို့၏ ပထမအဆင့် ရှုံးထွက်ပွဲစဉ်၌ အနိုင်ရရှိသည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းအသင်းနှစ်သင်းသည် လာမည့် အင်္ဂါနေ့တွင် ဒုတိယအကျော့ ယှဉ်ပြိုင်ကစားရန်ရှိပြီး ပထမအကျော့၌ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်ကို မတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို ဧပြီ ၄ ရက်နှင့် ၅ ရက်တို့တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

## မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပွဲ ပြိုင်ပွဲအပြီး အသင်းများ၏ ရပ်တည်မှုဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်းဂိုး | ပေးဂိုး | အသားတင် ဂိုး+/- | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဘဏ္ဍာ/အခွန် | ၁၅ | ၁၃ | ၁ | ၁ | ၄၆ | ၄ | +၄၂ | ၄၀ |
| ၂ | စီးပွားကူးသန်း | ၁၅ | ၁၀ | ၄ | ၁ | ၄၀ | ၁၂ | +၂၈ | ၃၄ |
| ၃ | စွမ်းအင် | ၁၅ | ၉ | ၄ | ၂ | ၂၅ | ၁၄ | +၁၁ | ၃၁ |
| ၄ | ပို့ဆောင်ရေး | ၁၅ | ၈ | ၅ | ၂ | ၃၀ | ၁၂ | +၁၈ | ၂၉ |
| ၅ | တံခွန် | ၁၅ | ၈ | ၃ | ၄ | ၂၉ | ၁၅ | +၁၄ | ၂၇ |
| ၆ | မြို့တော်စည်ပင် | ၁၅ | ၆ | ၄ | ၅ | ၁၅ | ၁၃ | +၂ | ၂၂ |
| ၇ | ကမ္ဘောဇ | ၁၅ | ၆ | ၄ | ၅ | ၁၅ | ၁၇ | -၂ | ၂၂ |
| ၈ | ဆောက်လုပ်ရေး | ၁၅ | ၆ | ၃ | ၆ | ၁၂ | ၁၂ | - | ၂၁ |
| ၉ | သစ်တောရေးရာ | ၁၅ | ၆ | ၂ | ၇ | ၂၂ | ၂၀ | +၂ | ၂၀ |
| ၁၀ | ပြည်ထဲရေး | ၁၅ | ၅ | ၃ | ၇ | ၁၉ | ၂၆ | -၇ | ၁၈ |
| ၁၁ | စွန်ရဲ | ၁၅ | ၄ | ၅ | ၆ | ၁၈ | ၂၄ | -၆ | ၁၇ |
| ၁၂ | လယ်/ဆည် | ၁၅ | ၅ | ၁ | ၉ | ၁၂ | ၂၈ | -၁၆ | ၁၆ |
| ၁၃ | ကာကွယ်ရေး | ၁၅ | ၃ | ၅ | ၇ | ၁၂ | ၂၀ | -၈ | ၁၄ |
| ၁၄ | လယ်ယာထွက်ကုန် | ၁၅ | ၃ | ၅ | ၇ | ၁၃ | ၂၇ | -၁၄ | ၁၄ |
| ၁၅ | ရထားပို့ဆောင်ရေး | ၁၅ | ၃ | ၁ | ၁၁ | ၁၇ | ၄၁ | -၂၄ | ၁၀ |
| ၁၆ | တပ်မတော်ကြည်း(က) | ၁၅ | - | - | ၁၅ | ၂ | ၄၂ | -၄၀ | - |

## ခြံစည်းရိုးကြက်ဆူပျိုးပွဲ မောက်မယ်မြို့နယ်၌ ကျင်းပ

**မောက်မယ် မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်ကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၁၀နာရီက မောက်မယ်မြို့နယ် ကုန်းလမ်းရပ်ကွက် ကျောင်းခုံတံတားထိပ်ရှိ ခြံစည်းရိုးကြက်ဆူ စံပြပျိုးဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက အမှာစကားပြောကြားပြီး ပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တက်ရောက်လာသူများက ပျိုးဥယျာဉ်၊ ပျိုးဘောင်များအတွင်း ကြက်ဆူမျိုး ၂၁၂၃၅၅ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ တည်ဆောက်ဆဲ အလျား ပေ၂၃၀၊ အကျယ်၁၂ပေရှိ သစ်သားဘေလီကျောင်း ခုံတံတားအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ (က-ပ)



## ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ စာအုပ်စာတမ်းများကို အမှတ်တရ လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်စဉ်။

(သတင်းစဉ်)

# ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် VCD တိပ်ခွေတို့ကို အမှတ်တရ လက်ဆောင်ပေးအပ်

☆ ရွှေဖုံးမှ

နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များနားနေဆောင် ဧည့်ခန်းမသို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များက ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ပြည်ထောင်စု မြန်မာနိုင်ငံတော် ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် VCD တိပ်ခွေတို့ကို အမှတ်တရ လက်ဆောင်အဖြစ်ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်ကလည်း အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ စာအုပ်စာတမ်းများကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ်တရလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အထူးလေယာဉ်လှေကားအထိ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရင်းရင်းနှီးနှီးထပ်မံနှုတ်ဆက်သည်။



ထို့နောက် အထူးလေယာဉ်သည် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်၍ နံနက် ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် အရေးကြီးပုဂ္ဂိုလ်များနားနေဆောင်မှ လက်ဝှေ့ယမ်းကြကာ နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## ကြေးမုံ The Mirror အင်တာနက်သတင်း



နေစကြဝဠာအတွင်းရှိ စနေဂြိုဟ်နှင့် ယင်း၏ လအရံဂြိုဟ်တို့ကို ပန်းချီဆရာက သရုပ်ဖော်ရေးဆွဲထားသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

# စနေဂြိုဟ်၏ လအရံဂြိုဟ်ပေါ်တွင် ရေတွေ့ရှိဟုဆို

လော့စ်အိန်ဂျလိစ် မတ် ၁၁

**စနေဂြိုဟ်၏ လအရံဂြိုဟ်ဖြစ်သော အင်ဆီလာဒတ်စ် (Enceladus) ဂြိုဟ်၏ တောင်ဘက်ဝင်ရိုးစွန်းဒေသတွင် ရေရှိသည့် အထောက်အထားများကို တွေ့ရှိရကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအဖွဲ့(နာဆာ)က မတ် ၉ ရက်တွင် ပြောကြားသည်။ နာဆာ၏ ကက်ဆီနီအာကာသယာဉ်သည် စနေဂြိုဟ်နှင့် ယင်းဂြိုဟ်၏အနီးတစ်ဝိုက်ရှိ ဂြိုဟ်ရံများကို လေ့လာခဲ့သည်။**

အလွန်အေးမြသည့် အင်ဆီလာဒတ်စ် အရံဂြိုဟ်၏ မျက်နှာပြင်တွင် ရေပူစမ်းများမှ ပန်းထွက်သည့် ရေကဲ့သို့ အရည်ပုံစံဖြင့် ရေကိုတွေ့ရှိရသည်။ ဖော်ပြပါ တွေ့ရှိချက်ကြောင့် အာကာသရေးရာ စူးစမ်းလေ့လာနေသော သိပ္ပံပညာရှင်များမှာ အံ့အားသင့်ခဲ့ကြရသည်။ အကယ်၍ ယင်းတွေ့ရှိချက် မှန်ကန်ကြောင်း ထုတ်ဖော်နိုင်ပါက နေစကြဝဠာအတွင်း သက်ရှိတို့ နေထိုင်နိုင်သည့် အခြေအနေရှိသော နေရာအနည်းအကျဉ်းတွင် အင်ဆီလာဒတ်စ်ဂြိုဟ်ရံ ပါဝင်လာမည်ဖြစ်သည်။

ဂြိုဟ်ပတ်လမ်းကြောင်းတွင်း ရှိနေသော ကက်ဆီနီ အာကာသယာဉ်သည် မကြာသေးမီက အရည်အသွေးမြင့်မားသော ဓာတ်ပုံများကို ပြန်လည်ပေးပို့ခဲ့သည်။ ကက်ဆီနီ အာကာသယာဉ် မစ်ရှင်လုပ်ငန်းသည် နာဆာနှင့် ဥရောပ အာကာသအေဂျင်စီတို့၏ ပူးတွဲစီမံကိန်းတစ်ရပ်ဖြစ်သည်။ ကက်ဆီနီ အာကာသယာဉ်ကို ၁၉၉၇ခုနှစ်တွင် လွှတ်တင်ခဲ့သည်။ ယင်းအာကာသယာဉ်သည် ၂၀၀၄ခုနှစ်တွင် စနေဂြိုဟ်အနီးတစ်ဝိုက်ရှိ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ရွေ့ရှားနေခဲ့သည်။ ကက်ဆီနီအာကာသယာဉ်သည် စနေဂြိုဟ်ကို ဝန်းပတ်ထားသည့် အလွန်လှပသော ကွင်းများနှင့် ဂြိုဟ်ရံများကို လေ့လာလျက်ရှိသည်။ ကက်ဆီနီအာကာသယာဉ်သည် အင်ဆီလာဒတ်စ်ဂြိုဟ်ရံကို လွန်ခဲ့သည့်နှစ်က သုံးကြိမ်တိုင်တိုင်ပတ်ခဲ့သည်။ ၂၀၀၈ခုနှစ်တွင် ယင်းဂြိုဟ်ရံ၏ မိုင် ၂၂၀ အကွာအဝေးအတွင်း ဝင်ရောက်ကာ ထပ်မံပျံသန်းဦးမည်ဟု မျှော်လင့်ရသည်။ ***အင်တာနက်။***